Australian Aid

World Vision

# Smart Navigator Toolkit

# ကျွမ်းကျင်သောလမ်းပြသင်ရိုးညွှန်းတမ်း

## Part D



The Vanguard Series

# အပိုင်း(ဃ)
# လုံခြုံစွာရွှေ့ပြောင်းသွားလာရန် စီစဉ်ခြင်း

# Part D

# Safe Migration Planning



# အခန်း (၁၉) ဆုံးဖြတ်ချက်ချမှတ်သည့်အရည်အသွေးများ

## ရည်ရွယ်ချက်

ပါဝင်သူများသည် သူတို့မည်ကဲ့သို့ ဆုံးဖြတ်ချက်ချရမည်ကို သိရှိပြီး၊ အနာဂါတ်တွင် ကောင်းမွန်မှန်ကန်သည့် ဆုံးဖြတ်ချက်ချမှတ်နိုင်ရန်မည်သည့် အချက်အလက်များအား စုဆောင်းပြီးမည်သို့ အသုံးချရမည်ကို သိရှိနိုင်မည်ဖြစ်သည်။

## အချိန်

၇၅မိနစ်

## အထောက်အပံ့များ

- ဖလစ်ချပ်စာရွက်
- ဖလစ်ချပ်စာရွက်ပေါ်တွင် "IS 19a: ဆုံးဖြတ်ခြင်းပုံစံ" မိတ္တူတစ်စုံနှင့်ပါဝင်သူများအားလုံးကိုမြင်သာအောင်ပြသထားပါ။
- "IS 19b: ရွှေ့ပြောင်းသွားလာရန်အတွက်ဆုံးဖြတ်ချက်ချမှတ်ခြင်းမော်ပုံစံ" မိတ္တူ၄-၆ရွက်နှင့်
- "IS 19c: ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ လေ့လာစရာပုံပြင်"(ပါဝင်သူများအားလူ၄-၆ဦးပါဝင်သော အုပ်စုများခွဲလိုက်ပြီး အုပ်စုတစ်စုစီသည် ယင်း IS တစ်စုံစီရှိရန်လိုအပ်သည်။)
- ကျွမ်းကျင်သောလမ်းပြ စာအုပ်ငယ်များ

## မိတ်ဆက်ခြင်း

### ကြိုဆိုခြင်း

ပါဝင်သူများအား အမည်နှင့်တကွကြိုဆိုပြီး လက်မှတ်ရေးထိုးသည့် စာရွက်အားဝေငှပါ။

### သွေးပူလေ့ကျင့်ခန်း

လူငယ်ဦးဆောင်သူတစ်ဦးအား စာရင်းထဲမှ သွေးပူကစားနည်းတစ်ခုအား ဦးဆောင်ပေးပါရန်မေးမြန်းပါ။

### သုံးသပ်ခြင်း

ဒီထဲကတစ်ယောက်ယောက်များ အင်တာနက်လုံခြုံစိတ်ချစွာ အသုံးပြုရမည့်နည်းလမ်းများ မှတ်မိသေးသလား။

### ဆုံးဖြတ်ချက်ချခြင်းပုံစံနှင့်မိတ်ဆက်ပေးခြင်း

ဘဝဆိုတာ ဆုံးဖြတ်ချက်များစွာဖြင့် ပြည့်နေကြောင်းရှင်းပြပါ။ အဲ့ဒီအထဲတွင် ဘယ်သူ့ကိုစကားပြောရမလဲ၊ ဘာစားရမလဲ၊ ဘာဝတ်ရမလဲဆိုတဲ့ ဆုံးဖြတ်ချက်အသေးများလဲ ပါ-ပါတယ်။ ပြီးနောက်ကျောင်းဘယ်မှာတက်ရမလဲ၊ ဘယ်မှာအလုပ်လုပ်ရမလဲ၊ ဘယ်သူနဲ့အိမ်ထောင်ပြုရမလဲဆိုတဲ့ ဆုံးဖြတ်ချက်အကြီးများလဲပါဝင်ပါတယ်။

ပါဝင်သူများအား သူတို့ဘဝထဲတွင် ဘယ်မှာကျောင်းတက်ရမလဲ၊ ဘယ်သူနဲ့လက်ထက်ရမလဲ အစရှိသည့် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အကြီးများအား မေးမြန်းပါ။ သူတို့အကြောင်းပြောသမျှအား ဖလစ်ချပ်စာရွက်ပေါ်တွင် မှတ်သားပါ။

ယခုအခါပါဝင်သူများအား သူတို့ဘဝတွင် ဆုံးဖြတ်ချက်အကြီးများပြုလုပ်ခဲ့စဉ်တုန်းက အချိန်အားပြန်စဉ်းစားစေပါ။ ပြီးနောက်မေးမြန်းပါ

- ဆုံးဖြတ်ချက် ဘယ်လိုချလိုက်လဲ မှတ်မိလား။
- ဆုံးဖြတ်ချက်အကြောင်း အခြားသူတွေကိုရော ပြောခဲ့သေးလား။
- သူငယ်ချင်း၊ မိသားစု၊ ဆရာမ သို့မဟုတ် ဘာသာရေးဆရာများအား ပြောခဲ့သေးလား။
- သင်ကိုယ်တိုင် ဆုံးဖြတ်ခဲ့သလား၊ သို့မဟုတ် အခြားသူတစ်ဦးက ဆုံးဖြတ်ပေးခဲ့တာလား။

လူတွေရဲ့ဘဝမှာ ဆုံးဖြတ်ချက်ချခြင်းဟာ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေကြောင်းရှင်းပြပါ။ ပုံမှန်အားဖြင့် လူအများစုသည် ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်များအား မစဉ်းစားမိကြဘဲ ဆုံးဖြတ်ချက်ချခဲ့ကြသည်၊ ယင်းသို့ ရွေးချယ်မှုများသည် သူတို့ဘဝအားဆုံးဖြတ်ပေးနိုင်သည်။ ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ကိုယ်ပိုင်ကိစ္စရပ်တစ်ခုသာဖြစ်သည်။ ၎င်းတို့သည် မိသားစုဝင်များ၊ စည်းစိမ်ချမ်းသာခြင်းနှင့် ကိုယ်ပိုင်အရည်အသွေးများ၏ လွှမ်းမိုးမှုအားခံကြရသည်။ ထို့ကြောင့် ကောင်းမွန်သောဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ပြည့်ဝသည့်စနစ်တစ်ခုအား ဖေါ်ပြရန်မဖြစ်နိုင်ပေ၊ ဤအခန်းတွင် ဆုံးဖြတ်ချက်အကြီးများ ချမှတ်ရာတွင် အကူအညီပြုနိုင်သည့် အဆင့်များအား ဆွေးနွေးသွားမည်ဖြစ်သည်။

လူအများ ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးမျိုးသောမော်ဒယ်များအား အသုံးပြုနိုင်ကြောင်း ရှင်းလင်းပြပါ။ ၁၀ ယင်းပုံစံ များတွင် အဓိကတူညီသည့်အချက်မှာ ဆုံးဖြတ်ချက်ချမှတ်ခြင်းအကြောင်း သေချာစွာစဉ်းစားစေပြီး၊ ယင်းဆုံးဖြတ်ချက်ကြောင့် ဖြစ်ပေါ်လာနိုင်သည့်ရလဒ်များအားလည်း သိရှိစေနိုင်သည်။

10 Vroom-Yetton-Jago မော်ဒယ်လ်၊ Kepner-Tragoe ကွန်ယက်၊ OODA ကွင်းဆက်နှင့် အသိအမှတ်ပြု- အဓိကအဆင့်များ။ သည် ဥပမာများဖြစ်ကြသည်။

ပါဝင်သူများအား ၎င်းတို့ဆုံးဖြတ်ချက်ချမှတ်ခြင်းအကြောင်း စဉ်းစားရာတွင် အကူအညီပြုနိုင်မည့် ပုံစံတစ်ခုရှိကြောင်း ပြောပြပါ။ ဖလစ်ချပ်စာရွက်ပေါ်တွင် ရေးထားသည့် ဆုံးဖြတ်ချက်ချပုံ ပုံစံကို ထိုးပြပါ။ ကျွမ်းကျင်သော လမ်းပြစာအုပ်ငယ်ရှိ "ဆုံးဖြတ်ချက်ချမှတ်ခြင်းပုံစံ" အခန်းသို့ ပါဝင်သူများသို့ ပြန်သွားစေပါ။

သင်ရှင်းလင်းပြသနေသည့်အချိန်တွင် ပါဝင်သူများအား ယင်းပုံစံအား ကြည့်ရှုစေပါ။

- **အဆင့်၁။** သင့်ဆုံးဖြတ်ချက်အား မေးခွန်းအနေဖြင့်မေးပါ။

– သင်မေးခွန်း ပြုလုပ်လိုသည့် ဆုံးဖြတ်ချက်တစ်ခုအားပြုလုပ်ပါ။

- **အဆင့်၂။**ပိုမိုလေ့လာပါ။

– သင့်သဘောထားအား ပိုမိုလေ့လာပါ၊ လူထုအတွင်းရှိ ယင်းအကြောင်း သိသည့်လူများအား မေးမြန်းပါ။ သင်ယုံကြည်ရသော သူများနှင့်ဆွေးနွေးပါ။ သင်နှင့်ဘဝတူများ၊ ဆရာများအားမေးမြန်းပါ။

- **အဆင့်၃။**အခြားနည်းလမ်းများအားစာရင်းပြုစုပါ။

–မတူညီသည့် နည်းလမ်းအနည်းဆုံး ၃ခု ပြုလုပ်ပါ။ မတူညီသည့် နည်းလမ်းဆိုသည်မှာ သင်မေးခဲ့သောမေးခွန်းအားဖြေနိုင်သည့် မတူညီသည့်အဖြေများ ဖြစ်သည်။

– မတူညီသည့်နည်းလမ်းများအား စဉ်းစားရာတွင်၊ အချိန်ဆွဲပြီးအဖြေပေးခြင်းသည်လည်း မတူညီသည့် နည်းလမ်းတစ်ခု ဖြစ်ကြောင်း မှတ်သားထားပါ။

– မတူညီသည့်နည်းလမ်းများအားသင်စဉ်းစားစဉ်၊အန္တရာယ်အနည်းဆုံးနည်းလမ်းများကိုစဉ်းစားပါ။

- **အဆင့်၄။**အန္တရာယ်နှင့်အကျိုးကျေးဇူးများအားသုံးသပ်ပါ။

– မတူညီသည့်နည်းလမ်းတစ်ခုချင်းစီအတွက် ဖြစ်နိုင်သည့်ရလဒ်များအား စဉ်းစားပါ။ အန္တရာယ်နှင့် အကျိုးကျေးဇူးများအား ထည့်သွင်းစဉ်းစားပါ။ ယင်းတို့အားစက်ဝိုင်းတွင်း မှတ်သားပါ။

- **အဆင့်၅။**သင့်ဆုံးဖြတ်ချက်အားချမှတ်ပါ။

ဖလစ်ချပ်စာရွက်ပေါ်တွင် ပုံစံအကြီးတစ်ခုအားအသုံးပြုပြီး၊ ယင်းပုံစံမည်သို့ အလုပ်လုပ်သည်ကိုဥပမာပေးပါ။

**အဆင့်၁။ သင့်ဆုံးဖြတ်ချက်အား မေးခွန်းအနေဖြင့်မေးပါ။**

လင်းင်းသည် မြို့ကြီးတွင်အလုပ်လုပ်ရန် စဉ်းစားနေကြောင်းရှင်းပြပါ။ အောက်ပါမေးခွန်းများချရေးပါ။ "မြို့ကြီးမှာငါအလုပ်သွားလုပ်ရင် ကောင်းမလား။"

**အဆင့်၂။ပိုမိုလေ့လာပါ။**

ပါဝင်သူများအား "မြို့ကြီးမှာ အလုပ်လုပ်သည့်အကြောင်း ဘယ်သူတွေသိလဲ။' ဟုမေးမြန်းပါ။ ရွှေ့ပြောင်းသွားလာဖူးသောသူကိုလည်းသင်မေးနိုင်သည်။ ဆရာကိုလည်း သင်မေးနိုင်သည်။ မြို့ကြီးအကြောင်း၊ အဲ့မှာနေလျှင် ဘယ်လောက်ကုန်မလဲ၊ လူတွေဘာအလုပ်ရကြသလဲ" ဦးဆောင်သူမှ ဖြစ်နိုင်သည့်အဖြေများအား ကွပ်လပ်တွင်ဖြည့်ပါ။ ဥပမာ- မြို့ကြီးမှာအလုပ်လုပ်ရင် တစ်လဒေါ်လာ ၁၀၀ ရနိုင်တယ်၊ အခန်းငှားခ တစ်လလျှင် ဒေါ်လာ၃၀၊ ဒေါ်လာ ၄၀ ကတော့ စားစရိတ်ကုန်လိမ့်မယ်။ လင်းလင်းတွင် အခန်းတူတူနေမည့် သူငယ်ချင်းတစ်ယောက်ရှိတယ်။ ငါသူ့ကိုဘယ်လိုအလုပ်ရတာလ မေးလို့ရတယ်။ "

**အဆင့်၃။အခြားနည်းလမ်းများအားစာရင်းပြုစုပါ။**

အန္တရာယ်အနည်းဆုံး အခြားနည်းလမ်းများအား စာရင်းပြုစုပါ။ ဥပမာ-

**အခြားနည်းလမ်း ၁။** ငွေစုမထားဘဲ ယခုမြို့ကြီးကိုသွားမယ်၊ အလုပ်ရှာမယ်။

**အခြားနည်းလမ်း ၂။** ငါပိုက်ဆံစုပြီး ခဏစောင့်လိုက်ဦးမယ်၊ အလုပ်တစ်ခုစီစဉ်ပြီးမှသွားမယ်။

**အခြားနည်းလမ်း ၃။** ငါအလယ်တန်းကျောင်းပြီးတဲ့အထိ စောင့်လိုက်ဦးမယ်၊ ပြီးမှမြို့ကြီးသွားမယ်။

**အဆင့်၄။အန္တရာယ်နှင့်အကျိုးကျေးဇူးများအားသုံးသပ်ခြင်း**

ပြီးနောက်၊ အုပ်စုလိုက်ရေတို၊ ရေရှည်အန္တရာယ်နှင့် အကျိုးကျေးဇူးများအားသုံးသပ်ပါ။ ပုံစံတွင် ဖြည့်ထားသည့် ဥပမာများအား ကျယ်လောင်စွာ ဖတ်ပြပါ။

**အခြားနည်းလမ်း၁။ငွေစုမထားဘဲယခုမြို့ကြီးကိုသွားမယ်၊အလုပ်ရှာမယ်။**

အန္တရာယ်-မြို့ကြီးမှာ တစ်ယောက်မှမသိဘူး။ ဘယ်မှာနေရမယ်ဆိုတာလဲ မသိဘူး။ အလုပ်မရခဲ့လျှင် ဘယ်လိုပိုက်ဆံရှာရမလဲ မသိဘူး။ ငါလူကုန်ကူးခံရနိုင်တယ်။ ရေတိုအန္တရာယ်ကတောင် အန္တရာယ်ကြီးတယ်။ ငါကျောင်းလဲ ဆက်မတက်ဘူးဆိုရင်၊ ရေရှည်အန္တရာယ်ကလည်း ပိုကြီးမှာပဲ၊အကျိုးကျေးဇူး- ငါအလုပ်ရခဲ့လျှင်၊ ချက်ခြင်းပိုက်ဆံရမယ်။ ရေတိုအတွင်းမှာ ပိုက်ဆံရနိုင်မယ်။

**အခြားနည်းလမ်း၂။ငါပိုက်ဆံစုပြီးခဏစောင့်လိုက်ဦးမယ်၊အလုပ်တစ်ခုစီစဉ်ပြီးမှသွားမယ်။**

အန္တရာယ် - ရေတိုအတွက် ငါ့မှာပိုက်ဆံရှိနေမယ်။ ဒါပေမယ့် အလယ်တန်းမပြီးသေးတဲ့အတွက် ငါ့အနာဂါတ်မှာ အန္တရာယ်ရှိနေတုန်းပဲ၊

အကျိုးကျေးဇူး- ရေတိုအတွင်း ပိုက်ဆံရှာနိုင်မယ့် အခွင့်အရေးလွတ်သွားနိုင်တယ်။ ဒါပေမယ့် ငါစောင့်နိုင်ရင် ပိုကောင်းတဲ့အလုပ် ရနိုင်တယ်။

**အခြားနည်းလမ်း၃။ငါအလယ်တန်းကျောင်းပြီးတဲ့အထိစောင့်လိုက်ဦးမယ်၊ပြီးမှမြို့ကြီးသွားမယ်။**

အန္တရာယ်- ငါကျောင်းပြီးတဲ့အထိ ဆက်နေမယ်ဆိုရင် မိသားစုအခက်အခဲတွေ့မယ်။

အကျိုးကျေးဇူး- ငါစီစဉ်ပြီးမှသွားရင် ပိုစိတ်ချရတယ်။ ငါကျောင်းပြီးသွားလို့ အလုပ်ကောင်းကောင်းပိုရနိုင်တယ်။

**အဆင့်၅။ဆုံးဖြတ်ချက်ချမှတ်ခြင်း**

ဆုံးဖြတ်ချက်ချမှတ်ခြင်း ပုံစံကိုအသုံးပြုပြီး သင်အချက်အလက်များ စုဆောင်းပြီးသည့်အခါ၊ ထပ်မံဖတ်ရှုပါ။ အရေးကြီးသည့်ဆုံးဖြတ်ချက် မချမှတ်မီ သင့်အတွေးများပြောင်းလဲခဲ့မယ်ဆိုလျှင် ရက်သတ္တပါတ် သို့မဟုတ် ရက်အနည်းငယ် စဉ်းစားခြင်း ဟာလည်းကောင်း တဲ့အတွေးဖြစ်ပါတယ်။

**လေ့လာစရာဖြစ်ရပ်များ**

ပါဝင်သူများအား ၄ - ၆ ဦးခန့် အုပ်စုခွဲလိုက်ပါ။ 'IS 19c: ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာလေ့လာစရာဖြစ်ရပ်များ"၊ 'IS 19a: ဆုံးဖြတ်ချက်ချမှတ်ခြင်း ပုံစံ"များအား ဝေမျှလိုက်ပါ။ ကွပ်လပ်များအား ရေးသားပုံဆွဲခြင်းဖြင့် ဖြည့်ရန်တိုက်တွန်းပါ။ ၁၀မိနစ်ကြာပြီးနောက်၊ ၎င်းတို့၏ ရလဒ်များအားဝေမျှခိုင်းပါ။

**ပုံစံမလုံလောက်သောအခါ**

နောက်ထပ်ဦးဆောင်သူတစ်ဦးမှ ယင်းပုံစံသည် ဆုံးဖြတ်ချက်ချမှတ်ရန် လွယ်ကူကြောင်းရှင်းလင်းပြပါ။ သို့သော် အမြဲတမ်း တော့လွယ်ကူနေတာမဟုတ်ပါဘူး။ အောက်ပါပုံပြင်အား ကျယ်လောင်စွာဖတ်ပြပါ။

မောင်မောင်သည် တောင်များရှိတဲ့ ဆင်းရဲလှသော ကျေးရွာလေးမှာနေထိုင်သူတစ်ဦး ဖြစ်ပါတယ်။ သူမက အသက်၁၅နှစ်ရှိပြီး သူ့မှာ ညီမ၂ယောက်ရှိပါတယ်။ သူမအမေကကွယ်လွန်သွားပြီဖြစ်ပြီး သူမအဖေကတော့ မကြာခဏ အရက်အလွန်သောက်လေ့ရှိပါတယ်။ တစ်ခါတစ်ရံ ပိတ်ရက်များမှာ ပြန်လာလေ့ရှိပြီး သူမနှင့် သူမညီမလေးများအား ရိုက်နှက်လေ့ရှိပါတယ်။ မောင်မောင်သည် ကျောင်းထွက်ပြီး ဒေသတွင်းရှိ အုတ်စက်ရုံတွင် အလုပ်ဝင်ရောက်ကာ သူမညီမလေးများအတွက် ကျောင်းစရိတ်ထောက်ပံ့နေရ ရှာပါတယ်။

တစ်နေ့တွင် သူမအဖေမှ သူမအား ဆိုးရွားစွာရိုက်နှက်ပြီး၊ သူမနှင့် အလုပ်အတူလုပ်နေတဲ့ ရဲနှင့် လက်ထပ်ထားသော မိန်းမတစ်ဦးက သူမအဖေကို ရဲနှင့်တိုင်ရန် မောင်မောင်အား ပြောလိုက်ပါတယ်။ ရဲကငါ့အဖေကို ဖမ်းလိမ့်မယ်။ အဲ့လိုလုပ်ဖို့ ဆုံးဖြတ်ချက်ချရတာ မောင်မောင်အတွက်တော့ခက်ခဲလှပါတယ်။

သူမက **အဆင့်၁** အတိုင်း " ငါ့အဖေကိုရဲတိုင်ရမလား။" ဟုစတင်စဉ်းစားပါတယ်။

**အဆင့်၂** ကတော့ စဉ်းစားစရာတွေ အများကြီးနှင့် ပိုမိုရှုပ်ထွေးလာပါတော့တယ်။ သူမအိမ်မှာကျန်နေခဲ့စဉ်၊ သူမအဖေ ထောင်ထဲတွင် ဘယ်လောက်နေရမှာလဲဆိုတာ သိချင်နေပါတယ်

ဟုစတင်စဉ်းစားပါတယ်။ အဆင့်၂ကတော့ စဉ်းစားစရာတွေအများကြီးနှင့် ပိုမိုရှုပ်ထွေးလာပါတော့တယ်။ သူမအိမ်မှာကျန်နေခဲ့စဉ်၊ သူမအဖေထောင်ထဲတွင် ဘယ်လောက်နေရမှာလဲဆိုတာ သိချင်နေပါတယ်။ သူမအဖေမရှိဘဲနှင့်၊ သူမညီမများအား ဘယ်အမျိုးက စောင့်ရှောက်နိုင်မလဲ၊ သူ့အဖေဝင်ငွေမရှိဘဲနဲ့ သူမဘာသာ သူမညီမများအား စောင့်ရှောက်နိုင်ပါ့မလား။ သို့သော်လည်း ဒီမေးခွန်းတွေမေးဖို့ အန္တရာယ်ရှိနေပါတယ်။ တကယ်လို့သူ့အဖေသိသွားရင် အပြစ်ပေးခံရမှာပါ။

**အဆင့်၃**

အခြားနည်းလမ်းနှစ်ခုကို စဉ်းစားပါ။

၁။ မောင်မောင်က ရဲကို သူ့အဖေအကြောင်းပြောလိုက်ပါတယ်။

၂။ မောင်မောင်က ရဲကိုသူ့အဖေအကြောင်း မပြောတော့ပါဘူး။

**အဆင့်၄**

ဒီအခြားနည်းလမ်းတွေကလည်း ရှုပ်ထွေးပြီး အန္တရာယ်ရှိနေပြန်ပါတယ်။ ကြိုတင်ခန့်မှန်းရလဲခက်ပါတယ်။

**နည်းလမ်း၁။ မောင်မောင်ကရဲကိုသူ့အဖေအကြောင်းပြောလိုက်ပါတယ်။**

အန္တရာယ် - သူပြန်လွတ်လာရင် အရမ်းစိတ်ဆိုးပြီး M ကိုသတ်တောင်သတ်နိုင်ပါတယ်။

သူလွတ်လာပြီး မောင်မောင်နှင့်ညီမတွေကိုအခြားအမျိုးတွေနှင့်အတင်းနေခိုင်းမှာပါ။သူ့ညီမတွေကျောင်းထွက်ရမယ်။ မောင်မောင်က သူ့အမျိုးတွေကို မယုံပါဘူး။ သူတို့က သူ့ညီမကို လူကုန်ကူးမှာကြောက်တယ်။ အုပ်စုအား အခြားအန္တရာယ်နှင့် အကျိုးကျေးဇူးများအား မေးမြန်းပါ။

**နည်းလမ်း၂။ မောင်မောင်ကရဲကိုသူ့အဖေအကြောင်း မပြောတော့ပါဘူး။**

အန္တရာယ်- သူမအဖေက သူမနှင့်ညီမများကို ဆက်ရိုက်နေမှာပါဘဲ။ တနေ့နေ့မှာ လက်လွန်ပြီးသူတို့သေနိုင်တယ်။

မောင်မောင်ရဲ့ညီမများလည်း ထွက်ပြေးကြပြီး လူကုန်ကူးခံရနိုင်ပါတယ်။ အုပ်စုအား အခြားအန္တရာယ်နှင့် အကျိုးကျေးဇူးများအား မေးမြန်းပါ။

**အဆင့်၅**

နောက်ဦးဆောင်သူတစ်ဦးမှ ဒီအရာသည် မောင်မောင်အတွက် အလွန်ခက်ခဲ့သည့် ဆုံးဖြတ်ချက်ဖြစ်ကြောင်း ရှင်းပြပါ။ ဘာ့ကြောင့် ဒီလိုဖြစ်တာလဲ။

- သူမမှာ စွမ်းအားမရှိလို့ ဆုံးဖြတ်ချက်ချဖို့ရာ အခြားသောအကြောင်းများက လွှမ်းမိုးနေခြင်းဖြစ်ပါတယ်။
- သူမကအန္တရာယ်တွင်း ကျရောက်နေပါတယ်။
- အန္တရာယ်တွင်းကျရောက်နေသည့်အတွက် ရှင်းလင်းတဲ့ဆုံးဖြတ်ချက် ချမှတ်ရန် ခက်ခဲနေခြင်းဖြစ်ပါတယ်။
- အဖြေလွယ်လွယ်မရနိုင်ပါဘူး။

နောက်ဦးဆောင်သူတစ်ဦးမှ ဆုံးဖြတ်ချက်ချမှတ်ခြင်း ပုံစံသည် အဖြေရှာရန်အတွက် အမြဲအဆင်မပြေတတ်ကြောင်း ရှင်းပြပါ။ ပါဝင်သူများအား ယင်းဥပမာကဲ့သို့ပင် ဘဝသည် လွန်စွာရှုပ်ထွေးနိုင်ကြောင်း ရှင်းလင်းပြသခြင်း ဖြစ်သည်ဟု ပြောပါ။ ဆုံးဖြတ်ချက်ချမှတ်ခြင်းပုံစံသည် ၎င်းတို့အား ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် အသိပေးကူညီခြင်းဖြစ်ပြီး၊ ပြဿနာ သို့မဟုတ် ဆုံးဖြတ်ချက်အားလုံးအတွက် ရှင်းလင်းတဲ့ဖြေရှင်းချက် မဟုတ်နိုင်ကြောင်းရှင်းပြပါ။

## ဆွေးနွေးချက်

အုပ်စုအား ခွဲထွက်နားစေပြီး ဆုံးဖြတ်ချက်ချမှတ်ခြင်း ပုံစံအကြောင်း ထပ်မံမေးပါ။

### မေးပါ-

- ဆုံးဖြတ်ချက်ချမှတ်ခြင်းပုံစံသည် အချို့သောကိစ္စရပ်များတွင် အခြားအရာများထက် ပိုမိုကောင်းမွန်ပါသလား။
- သင်ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် အကူအညီပေးသော အရာတစ်ခုအား ဥပမာပေးနိုင်မလား။
- သင့်ကိုအကူအညီမပေးနိုင်သည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတစ်ခုကရော ဘယ်ဟာဖြစ်မလဲ။
- သင့်ဘဝမှာ ဤပုံစံအား အသုံးပြုဖူးသလား၊ ဘာ့ကြောင့်လဲ သို့မဟုတ် ဘာ့ကြောင့်မသုံးသလဲ။

## မှတ်တမ်း

အုပ်စုအား ၎င်းတို့မှတ်တမ်းတွင် ယင်းအကြောင်းအရာနှင့် ပါတ်သတ်ပြီး သူတို့ရေးသားခြင်း သို့မဟုတ် ပုံဆွဲခြင်း ပြုလုပ်ရန် ၁၀မိနစ် အချိန်ပေးပါ။

### အခန်းအနှစ်ချုပ်

- ဆုံးဖြတ်ချက်ချမှတ်ခြင်း ပုံစံသည် ဆုံးဖြတ်ချက်ချရာတွင် ပိုမိုရှင်းလင်းပြီး ဂရုတစိုက်ပြုလုပ်နိုင်ရန် အကူအညီပေးသည်။
- ဆုံးဖြတ်ချက်ချမှတ်ခြင်း ပုံစံတွင် အဆင့် ၅ ဆင့် ပါသည်။

– အဆင့် ၁- သင့်ဆုံးဖြတ်ချက်အားမေးခွန်းအနေဖြင့်မေးပါ။
– အဆင့် ၂- ပိုမိုလေ့လာပါ။
– အဆင့် ၃ - အခြားနည်းလမ်းများစာရင်းပြုစုပါ။
– အဆင့် ၄- အကျိုးနှင့်အန္တရာယ်များအားသုံးသပ်ပါ။
– အဆင့် ၅- ဆုံးဖြတ်ချက်ချမှတ်ပါ။

- ဆုံးဖြတ်ချက်ချမှတ်ခြင်းပုံစံသည် ဆုံးဖြတ်ချက်အားလုံးအတွက် မဟုတ်ပါ။
- သင်သည် မလုံခြုံပါက သို့မဟုတ် ကြောက်ရွံ့နေရပါက ဆုံးဖြတ်ချက်ချမှတ်ရန်ခက်ခဲနိုင်သည်။


## နိဂုံး

ဦးဆောင်သူမှ ပါဝင်သူများအား ရွေးချယ်ကာ ရေးသားခြင်း သို့မဟုတ် မေးမြန်းစေခြင်းနှင့် သို့မဟုတ် ပြန်လည်ဖြေကြားခြင်း ပြုလုပ်ပါ။ တက်ရောက်သူအားလုံးအား ကျေးဇူးတင်ပါတယ်။ နောက်တစ်ကြိမ်အစည်းအဝေးအတွက် ပြန်လည်ချိန်းဆိုပါ။ ပါဝင်သူများအား ဤအခန်းတက်ရောက်သည့်အတွက် ကြယ်တစ်ပွင့်စီရရှိကြောင်း ပြောဆိုပါ။ (အကယ်၍ သင့်အုပ်စုတွင် ပညာမတတ်သည့် လူငယ်ပါဝင်ပါက၊ နောက်တစ်ဆင့်အားမပြီးစေဘဲ သူတို့ဘဝတွင် ဘယ်ပုံစံက အသုံးဝင်သလဲဟု မေးမြန်းပါ။) ပါဝင်သူများအား နောက်တစ်ခန်းမသွားမီ ကျွမ်းကျင်သော လမ်းပြစာအုပ်ငယ်ရှိ ဆုံးဖြတ်ချက် ချမှတ်ခြင်း ပုံစံအား အသုံးပြုကာ မည်ကဲ့သို့အခွင့်အလမ်း ရရှိနိုင်ကြောင်း မေးမြန်းပါ။ သူတို့အချိန်ရလျှင်၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း ပုံစံအား ပြီးစေပြီး၊ နောက်အခန်းတွင်ပြန်ယူလာပါစေ။

# IS 19a: ဆုံးဖြတ်ချက်ချမှတ်ခြင်းပုံစံ


# IS 19b: ရွှေ့ပြောင်းသွားလာရန်အတွက်ဆုံးဖြတ်ချက်ချမှတ်ခြင်းပုံစံ



# IS 19b: ရွှေ့ပြောင်းသွားလာရန်အတွက်ဆုံးဖြတ်ချက် ချမှတ်ခြင်းပုံစံ

## ဆုံးဖြတ်ချက်ချမှတ်ခြင်းပုံစံ ဥပမာ



# IS 19c: ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာလေ့လာစရာဖြစ်ရပ်များ

**ပုံပြင်၁**

နိုင်နိုင်မိသားစုကတော့ များပါတယ်။ သူမက မိဘများ၊ အဖိုးအဖွားများ၊ မောင်နှမ ၃ ယောက်နှင့် နေထိုင်ပါတယ်။ နိုင်နိုင်က မြို့က ကော်ဖီဆိုင်ထိုင်နေတုန်း လူတစ်ယောက်က သူ့ကိုယ်သူ လာမိတ်ဆက်ပါတယ်။ သူက နိုင်ငံတောင်ပိုင်းက စက်ရုံမှာ အလုပ်လုပ်နေတာဖြစ်ပြီး သူမကိုလည်း စက်ချုပ်အလုပ်လုပ်နိုင်မယ်လို့ ပြောပါတယ်။ သူက လစာအသင့်အတင့်ရမှာဖြစ်ပြီး၊ နေစရာတော့ ရှာရမယ်လို့ပြောပါတယ်။ သူက သူ့ဖုန်းနံပါတ်ပေးခဲ့ပါတယ်။ နိုင်နိုင်မှာဝမ်းကွဲမောင်နှမတစ်ဦးရှိပြီး ထိုလူပြောတဲ့ မြို့မှာနေတာပါ၊ သူကအဲ့မှာနေလို့ရတယ်။ သူမကကျောင်းပြီးသွားပြီး အလုပ်မရသေးပါဘူး။ သူမက ပိုက်ဆံရှာပြီးအိမ်ကိုလဲ ပို့ချင်တယ်။ နိုင်နိုင်က ပွဲစားပြောတာကို လက်ခံပြီး ဆုံးဖြတ်ချက်ချဖို့ ကြိုးစားချင်နေပါတယ်။

**ပုံပြင်၂**

ဒါဒါကတော့ ဆင်းရဲတဲ့မိသားစုကပါ။ သူက မိသားစုထဲမှာ ကျောင်းတက်ရတဲ့ တစ်ဦးတည်းသောသူပါ။ သူက ကျောင်းမှာ အမှတ်ကောင်းကောင်းရတယ်၊ ဆရာတွေကလဲချစ်တယ်။ သူမိဘတွေက အလုပ်ကြိုးစားကြပေမယ့် ပိုက်ဆံတော့ သိပ်မရကြဘူး။ သူကသူ့မိဘတွေကိုအလုပ်လုပ်ပြီးကူညီချင်တယ်။ ဒါဒါကကျောင်းပြီးဖို့ ၁နှစ်လိုသေးတယ်။ သူကကျောင်းထွက်လိုက်ပြီး ဆောက်လုပ်ရေးမှာ အလုပ်ဝင်လုပ်ဖို့ ဆုံးဖြတ်ရန်စဉ်းစားနေတယ်။

# အခန်း(၂၈)၊ပိုမိုလေ့လာခြင်း

ဤအခန်းကဏ္ဍသည်အဆင့်(၂)ဆုံးဖြတ်ချက်ချမှတ်ခြင်းပုံစံအား ပိုမိုလေ့လာခြင်းပြုနိုင်ရန်အကူညီပေးသည်။

## ရည်ရွယ်ချက်

**ပါဝင်ဆောင်ရွက်သူများသည်** တိကျသော ဆုံးဖြတ်ချက်များ ပြုလုပ်နိုင်ရန်အတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မေးခွန်းများမေးခြင်းဖြင့် ဖေါ်ထုတ်ရမည်။

## အချိန်

၇၅မိနစ်

### အထောက်အပံ့များ

- - ဖလစ်ချပ်စာရွက်များနှင့်ဘောပင်များ
- -ပါဝင်သူအားလုံးအတွက် 'IS 20a: မေးခွန်းများမေးခြင်း' မိတ္တူစာရွက်များ[ဤကဏ္ဍတွင်အသုံးပြုရန်
- အတွက်အဖွဲ့အားအတွဲများခွဲပြီးလျှင်နောက်အခန်းအတွက်မိတ္တူတစ်ခုစီပေးထားပါ။]
- -ကျွမ်းကျင်သောလမ်းပြစာအုပ်ငယ်များ

## မိတ်ဆက်ခြင်း

### ကြိုဆိုခြင်း

ပါဝင်သူများအားအမည်ခေါ်၍ကြိုဆိုပါ။ လက်မှတ်ထိုးစာရွက်အား လက်ဆင့်ကမ်းမှုဝေပါ။

### သွေးပူလေ့ကျင်ခန်းလုပ်ခြင်း

လူငယ်ဦးဆောင်သူအား သွေးပူလေ့ကျင့်ခန်းလုပ်ခြင်း အစီအစဉ်ရှိတစ်ခုအား ဦးဆောင်နိုင်ရန်ပြောပါ။

### သုံးသပ်ခြင်း

ပြီးခဲ့သော ရက်သတ္တပတ်တွင် မည်သူကဆုံးဖြတ်ချက်ချခြင်း ပုံစံနှင့် ပတ်သက်ပြီး ဖြည့်ခဲ့သလဲ။ သူ့အတွက်အခြား ဘယ်သူက သူလုပ်ခဲ့တဲ့အကြောင်း ပြောပြချင်ပါသလဲ။

## ပိုမိုလေ့လာခြင်း

ဆုံးဖြတ်ချက်ချခြင်းပုံစံနှင့် ပတ်သက်ပြီး အဆင့် ၅ ဆင့် အား မည်သူပြောပြနိုင်မလဲမေးပါ။

အဆင့်၅ဆင့်မှာ-

အဆင့် (၁)- သင်၏ဆုံးဖြတ်ချက်အား မေးခွန်းကဲ့သို့ဖော်ပြပါ။

အဆင့် (၂)- ပို၍လေ့လာပါ။

အဆင့် (၃)- အခြားနည်းလမ်းအားစာရင်းပြုလုပ်ပါ။

အဆင့် (၄)- အန္တရာယ်ရှိမှုနှင့် အကျိုးသက်ရောက်မှုအား သုံးသပ်ပါ။

အဆင့် (၅)- ဆုံးဖြတ်ချက်ချမှတ်ပါ။

ပါဝင်သူများအား ၎င်းတို့၏ကျွမ်းကျင်သော လမ်းပြစာအုပ်ငယ်နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း ပုံစံအားလေ့လာခိုင်းပါ။ နောက်ထပ် သင်ယူရမည့် အခန်းနှစ်ခန်းတွင် ပါဝင်သူတို့သည် ဆုံးဖြတ်ချက်ချမှတ်ခြင်း ပြည့်စုံစွာလုပ်ဆောင်နိုင်ရန် မည်သည့် သတင်း အချက်အလကများ စုဆောင်းရမည်ကို သင်ယူရမည်ဖြစ်ကြောင်း ရှင်းပြပါ။

**ဘာတွေလေ့လာလိုပါသလဲ၊မေးခွန်းများအားချရေးပါ။**

ပါဝင်သူများအားအဖွဲ့(၄)ဖွဲ့ခွဲပါ။အဖွဲ့တစ်ခုစီအားစာရွက်များနှင့်ဘောပင်များပေးပါ။ပါဝင်သူများအားသူတို့ ရွှေ့ပြောင်းသွားလာရမည် ဆိုပါက အမှန်တကယ် ဖြေကြားလိုသည့်မေးခွန်းများကိုသာ စဉ်းစားရန်ပြောပါ။ အုပ်စုတစ်စုချင်းစီသည် မတူညီသည့် ရွှေ့ပြောင်း သွားလာခြင်းများအကြောင်း ဆွေးနွေးရမည်ဖြစ်ကြောင်း ပြောပြပါ။ အုပ်စုမှအောက်ပါခေါင်းစဉ်များအတိုင်း ဆွေးနွေးရမည်ဖြစ်သည်။

အဖွဲ့ (၁) - ပန်းတိုင်ရောက်အောင်ဘယ်လိုလုပ်ရမလဲနှင့်ပါတ်သတ်သည့်မေးခွန်းများ

အဖွဲ့ (၂) - သယ်ယူပို့ဆောင်ခြင်းနှင့် ဆိုင်သောမေးခွန်း [ဦးတည်ရာသို့ မည်သို့သွားသနည်း၊ မည်ကဲ့သို့ ပြန်လာမည်နည်း၊ သင်ရောက်သွားလျှင် မည်ကဲ့သို့နေထိုင်မည်နည်း။]

အဖွဲ့(၃) - အလုပ်နှင့် သက်ဆိုင်သည့်မေးခွန်း

အဖွဲ့(၄) - လိုအပ်သော စာရွက်စာတမ်းများနှင့် ဆိုင်သောမေးခွန်း။

၁၀မိနစ်ကြာပြီးနောက်၊ အဖွဲ့အားသူတို့၏မေးခွန်းများအား ဝေငှရန်ပြောပါ။ ပါဝင်သူများတွင် ၎င်းတို့၏ထင်မြင်ချက်နှင့် သက်ဆိုင်သော မေးခွန်းများအား စာရင်းတွင်ထည့်ရန်ပြောပါ။

အဲသည့်နောက် ပါဝင်သူများသည် မိမိပတ်ဝန်းကျင်တွင်ရှိသော မည်သူက ၎င်းတို့မေးသော မေခွန်းအား ဖြေမည်ဆိုတာကို စဉ်းစားခိုင်းပါ။ ထို့နောက်စာရင်းပြုစုရပါမည်။

- အရင်ကမည်သူသွားဖူးသနည်း
- ဒေသခံအခြေစိုက်ဆက်သွယ်ရမည့်ရုံးများ
- အရင်ကအလုပ်လုပ်ဖူးသူများ
- NGOဝန်ထမ်းများ

**ရွှေ့ပြောင်းသွားလာခြင်းအကြောင်းကိုလေ့လာရန်အတွက်အဖွဲ့သည်**

ပတ်ဝန်းကျင်တွင် လေ့လာမှုပြုရမည်ဖြစ်ကြောင်း ရှင်းပြပါ။ စာရင်းပြုလုပ်ထားသော လူများထဲမှ မည်သူက စကားပြောဆိုရန် စိတ်ဝင် စားသည်ဆိုတာကို သိရန်လိုအပ်သည်။ အကယ်၍ ရှိလျှင်သူတို့နှင့် ဆက်သွယ်ရပါမည်။ ဦးဆောင်သူများသည် ပတ်ဝန်းကျင်တွင် မည်သူကပါဝင်တောင်ရွက်သူများ၏ မေးခွန်းများကို အမှန်တကယ် ဖြေကြားလိုသည်ဆိုတာကို သိအောင် ရှာဖွေရပါမည်။

အဖွဲ့တစ်ခုချင်းစီမှ ကူညီသူတစ်ယောက်အား သူတို့သိချင်သည့်မေးခွန်းများကို စာရွက်တစ်ခုထဲတွင် သေသပ်စွာရေးရန်ပြောပါ။ - ၎င်းတို့ထံမှ မေးခွန်းပါသော အဖြေစာရွက်များကို စုစည်းပြီး၊ နောက်ထပ်သင်ခန်းစာတစ်ခုသို့ မလေ့လာမီ အဖွဲ့ထဲမှ အဖွဲ့ဝင်တစ်ဦးချင်းစီ၏ စာရွက်များအား မိတ္တူကူးထားပါ။ ထိုသို့ပြုလုပ်ခြင်းဖြင့် ၎င်းတို့သည် ဖြေဆိုမည့်လူနှင့် တွေ့သည့်အခါ မေးခွန်းများအား ကိုးကားခိုင်းပါ။

**မေးခွန်းများအားအစမ်းလေ့ကျင့်ခြင်း**

အဖွဲ့အား အတွဲလိုက်ခွဲပါ။ အတွဲတစ်ခုစီအား IS 20a- မေးခွန်းမေးခြင်း တစ်ခုစီပေးပါ။ စေတနာ့ဝန်ထမ်းများအား ကျယ်လောင်စွာဖတ်ခိုင်းပါ။ ထို့နောက်၊ အတွဲတစ်တွဲစီအား မေးခွန်းပုံစံကို အသုံးပြု၍ ရွှေပြောင်းသွားလာခြင်းနှင့် ပတ်သက်သောမေးခွန်းများအား အပြန်အလှန်မေးရန်ပြောပါ။

## အလုညံ့ကျသရုပ်ဖော်ကစားခြင်း

ပါဝင်သူများအား အဖွဲ့တစ်ခုလျှင် လူ(၈)ယောက်မှ (၁၂) ယောက် အထိ အဖွဲ့များခွဲပါ။ အဖွဲ့တစ်ခုချင်းစီအား အလှည့်ကျ သရုပ်ဖော်ကစားရန်ပြောပါ။ (အဖွဲ့နှစ်ဖွဲ့ထက်ပိုပါက ခေါင်းစဉ်အားနှစ် ကြိမ်ပြောနိုင်ပါသည်။)

အဖွဲ့(၁) မိတ်ဆွေနှစ်ယောက်ရှိသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အကြံပေးခြင်းဖြင့် ကူညီကြသည်။ ထိုနှစ်ယောက်မှ တစ်ယောက်သည် နယ်စပ်တွင်ရှိသော ငါးဖမ်းလုပ်ငန်းတွင်အလုပ်ရခဲ့ပြီး လစာလည်းကောင်းသည်။ သူသည်ကျောင်းထွက်ရန် စဉ်းစားနေပြီး အလုပ်ရှာပေးသူအား $300 ချေး၍ပေးရန်စဉ်းစားနေသည်။ သူအားမည်သို့အကြံပေးမည်နည်း။

အဖွဲ့(၂) မိတ်ဆွေနှစ်ယောက်ရှိသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အကြံပေးခြင်းဖြင့် ကူညီကြသည်။ ထိုနှစ်ယောက်မှ အမျိုးသမီးတစ်ယောက်သည် အထည်ချုပ်စက်ရုံတွင် အလုပ်ခေါ်စာကြော်ငြာအား လက်ကမ်းစာစောင်မှတဆင့် သိရှိခဲ့သည်။ လစာလည်းကောင်းသည်။ သို့သော် သူမသည် စက်ချုပ်ခြင်းအားမသိ၊ သို့သော် ကြေညာချက်တွင် မည်သည့်အတတ်ပညာမှမလိုဟု ပါနေသည်။ ထို့ပြင်အလုပ်၏တည်နေရာနှင့် ပတ်သက်၍ မည်သည့်သတင်းမျှမပေးပဲ ဖုန်းနံပါတ်တစ်ခုသာလျှင် ပေးထားသည်။ သင်မည်ကဲ့သို့အကြံပေးမည်နည်း။ အဖွဲ့အားအုပ်စုလိုက် လှုပ်ရှားမှုအား ၅ မိနစ်ခန့် အတူတူလုပ်ဆောင်ရန်ပြောပါ။

## အခန်းအကျဉ်းချုပ်

- ဆုံးဖြတ်ချက်ချခြင်းပုံစံသည် သင့်အား ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သတ်၍ ဆုံးဖြတ်ချက်ချနိုင်ရန်အကူညီပေးသည်။
- ဆုံးဖြတ်ချက်ချခြင်းပုံစံ အဆင့်၂သည် ပို၍လေ့လာခြင်းဖြစ်သည်။ သင်သည် သင်၏ဆုံးဖြတ်ချက်အား အကောင်အထည်ဖော်ရန်၊ မည်သို့သွားမည်နှင့် ပြန်လာမည်၊ မည်သို့သော အလုပ်အမျိုးအစားများရှိသည်နှင့် လိုအပ်သော စာရွက်စာတမ်းများအား သိရှိရန်လိုအပ်ပါသည်။
- အောက်ပါလူအချို့သည် သင့်အားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်များအကြောင်း ဖြေဆိုပေးနိုင်ပါသည်။
- အရင်ကသွားဖူးသူ
- ဒေသတွင်းရုံးပိုင်းဆိုင်ရာဆက်သွယ်မှုရှိသူ
- အလုပ်သမားအကျိုးဆောင်
-NGO ဝန်ထမ်းများ

## နိဂုံးချုပ်ခြင်း

ပါဝင်သူများကို မေးစရာမေးခွန်းများနှင့် သို့မဟုတ် နောက်ဆက်တွဲဖြည့်ချင်တာများကို ရေးသားရန် သို့မဟုတ် မေးမြန်းပြောကြားရန်နှင့် ၄င်းတို့ကိုဦးဆောင်သူများထံသို့ အမည်မတပ်ပဲ လက်လွှဲပေးရန်ပြောကြားပါ။ လာရောက်ကြသောလူတိုင်းကို ကျေးဇူးတင်ပါသည်။ နောက်တစ်ကြိမ်အဖွဲ့အစည်းအဝေးအချိန်ကို အတည်ပြုပါ။ ပါဝင်သူများကို ဤအခန်းကို တက်ရောက်ခြင်းအတွက် သူတို့သည် နောက်ထပ်ကြယ်တစ်ပွင့် ရရှိသွားပြီးဖြစ်ကြောင်းကို ပြောကြားပါ။ သင်သည် နောက်လာမည့်အခန်းနှင့်ပတ်သတ်၍ မေးခွန်းများ စီစဉ်ထားကြောင်း ရှင်းပြပြီး ပါဝင်သူများအား အချိန်နှင့်နေရာထပ်မံပြောပါ။

# IS 20 a -မေးခွန်းမေးမြန်းခြင်းပြောင်းလဲခြင်း

## သင်ရိုးညွှန်းတမ်းမှအသံမြင့်ပြောခြင်းအားအခြေခံပါသည်

ဤအခန်းသည် ရွှေ့ပြောင်းသွားလာခြင်း အကြောင်းသိသည့်လူများနှင့် ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ ပါဝင်သူများ စကားပြောဆိုခြင်းနှင့် ပါတ်သတ်ပြီး စည်းမျဉ်းစဉ်ကမ်းများပါဝင်သည်။

**ကြိုတင်ပြင်ဆင်ခြင်း**

**အချိန်ဇယားအားတိကျမှုရှိပါစေ**

အလားအလာရှိသော တုန့်ပြန်သူတစ်ဦးမှ အုပ်စုနှင့်စကားပြောဆိုလိုသည့် အချိန်အားစဉ်းစားပါ။ ဥပမာ- အလားအလာရှိသော တုန့်ပြန်သူ၏ အလုပ်လုပ်ချိန်ဖြစ်နေပါက သူ့ သူဌေးနှင့်ပြဿနာဖြစ်စေနိုင်သည့် အချိန်မျိုးမပြုလုပ်ပါနှင့်။ လယ်သမားတစ်ယောက်အား အလုပ်သိမ်းပြီးပင်ပန်းနေချိန်တွင် မပါဝင်စေပါနှင့်။

**စာရိတ္တပိုင်းဆိုင်ရာစည်းကမ်းချက်များ**

**တုန့်ပြန်သူအားနာကျင်စေခြင်းမှကာကွယ်ပါ။**

- စိတ်ဒါဏ်ရာရထားသည့် မေးခွန်းများမမေးပါစေနှင့်။
- လူငယ်များအား အင်တာဗျူးမလုပ်ပါနှင့်။

**ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ပါဝင်သူများအားကာကွယ်ပါ။**

- သင်မေးခွန်းမေးလိုက်ခြင်းကြောင့် ပြန်လည်ဖြေကြားသူမှ ဒေါသထွက်စေမည့် မေးခွန်းများ မမေးပါနှင့်။ (ဥပမာလူကုန်ကူးသူဖြစ်နိုင်သည့်သူများအား မေးခွန်းမမေးပါနှင့်။)
- လူငယ်တစ်ယောက်အား အရွယ်ရောက်ပြီးသူတစ်ယောက်နှင့် အခန်းထဲတွင်မထားခဲ့ပါနှင့်။

**ပါဝင်သူအားလုံးသည်စေတနာ့ဝန်ထမ်းများဖြစ်ကြရမည်။**

- ပါဝင်သူများအား သင်လာရောက်ရသည့်အကြောင်း၊ ဘယ်သူလာရောက်သလဲ၊ သင့်မေးခွန်းခေါင်းစဉ်များအားပြောပြပါ။
- ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ပါဝင်သူများမှ ဆန္ဒမရှိလျှင် မပါဝင်ဘဲနေနိုင်သည်။

**ဖြေဆိုသူအားလေးစားပါ။**

- သင့်မေးခွန်းအား ဖြေဆိုနေသည့်သူအား လေးစားခြင်းမှာ နည်းလမ်းကောင်းတစ်ခုဖြစ်သည်။

**မမျှော်လင့်ထားသောချွင်းချက်များအားရှောင်ကြဉ်ပါ။**

- သင့်မေးခွန်းကို ဖြေကြားသူများအား ဤသို့ဖြေကြားခြင်းဖြင့် မည်သည့်ငွေကြေး သို့မဟုတ် အကျိုးတစ်စုံတစ်ရာမှ ရလိမ့်မည်မဟုတ်ဟုသိစေပါ။

**လုံခြုံစိတ်ချရခြင်း**

- သင်အဖြေရယူသည့်အခါတွင် သူတို့၏အမည်များအား မရေးပါနှင့်။ ဖြေဆိုသူ၏အမည်အား အုပ်စုအပြင်တွင်မပြောပါနှင့်။
- ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ပါဝင်သူများအား ဤဖြေဆိုသူမှပြောကြားသည့် အကြောင်းအရာများအား အတင်းအဖျင်း မပြောရန်ပြောကြားထားပါ။ မေးခွန်းများမေးမြန်းရာတွင်ကောင်းမွန်သည့်နည်းလမ်းများ

**ယဉ်ကျေးပါ။**

- အချိန်ပေးသည့်အတွက် ပါဝင်သူများအား ကျေးဇူးတင်ရှိကြောင်းပြောကြားပါ။

**မဆုံးဖြတ်ပါနှင့်**

- ဖြေဆိုမှုအား လွှမ်းမိုးစေနိုင်သည့် ဆုံးဖြတ်ချက်နှင့် ပါတ်သတ်သည့် အပြုအမူမလုပ်ပါနှင့်။

**တက်ကြွပြီးအာရုံစိုက်နားထောင်သူဖြစ်ပါစေ**

- ဖြေဆိုသူ၏ ခံစားမှုအား မျှဝေပြီး ၎င်းထင်မြင်ချက်အား စိတ်ဝင်တစားနားလည်ပေးပါ
- ဖြေဆိုသူကိုသာစကားများစွာပြောစေပါ။
- ပြောဆိုနေသည့်အကြောင်းအရာအား စဉ်းစားပြီး သေချာရှင်းလင်းစေရန် မေးခွန်းမေးမြန်းပါ။

**ဆက်လက်စုံစမ်းသည့်မေးခွန်းများမေးမြန်းပါ**

- ကယ်၍ဖြေဆိုသူမှ စိတ်ဝင်စားစရာ၊ သင်နားမလည်လိုက်သောကိစ္စ၊ သင်ပိုမိုသိလိုသည့်ကိစ္စတစ်ခုအား ပြောပါကမေးခွန်းများ ထပ်မေးပါ။

**မှတ်စုကောင်းကောင်းရေးပါ။**

- ဖြေဆိုသူပြောသမျှ မှတ်စုရေးပါ။ အုပ်စုနှင့်သင့်ရေးသားချက်များ မှန်မမှန်ပြန်လည်စစ်ဆေးပါ။

**အချိန်မှတ်သားပါ။**

- သင်မေးစရာရှိသည်များကိုမေးပါ၊သို့သော်အချိန်၁နာရီမကျော်ပါစေနှင့်။

# အခန်း (၂၁) မေးခွန်းများမေးခြင်း

ဤအခန်းသည်ယခင်အခန်းမှအဆက်ဖြစ်ပြီးဆုံးဖြတ်ချက်ချမှတ်ခြင်းပုံစံ၏အပိုင်း၂ပိုမိုလေ့လာခြင်းအား သေချာစွာထပ်မံလေ့လာခြင်းဖြစ်သည်။

## ရည်ရွယ်ချက်

ပါဝင်သူများသည် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အကြောင်းကို ပိုမိုနားလည်ပြီး ဆုံးဖြတ်ချက် ချမှတ်နိုင်ရန် အချက်အလက်များ ရှာဖွေခြင်းနှင့် အင်တာဗျူးလုပ်ခြင်းဆိုင်ရာများ အကြောင်းလေ့ကျင့်ရမည်ဖြစ်သည်။

## အချိန်

၇၅မိနစ်

- ပါဝင်သူများကို ပြီးခဲ့သော သင်ခန်းစာမှ အုပ်စုအလိုက် ဆွေးနွေးပြီးရေးထားသော မေးခွန်းမတ္တူတစ်စုံစီ။
- "IS 20a: မေးခွန်းများမေးခြင်း "ပါဝင်သူများအား ဖတ်ခိုင်းပါ ပြီးခဲ့သောရက်သတ္တပါတ်တွင် ၄င်းတို့ရေးခဲ့သော မေးခွန်းအား မိတ္တူတစ်စောင်ကူးပြီးပေးပါ။

## ကြိုတင်ပြင်ဆင်ခြင်း

ဦးဆောင်သူများသည် ရွှေ့ပြောင်းသွားလာခြင်းအကြောင်း နားလည်သောသူနှင့် အသင်းအစည်းအဝေးမတိုင်မီကြိုတင် အစည်းအဝေးပြုလုပ်ရန်လိုအပ်ပါသည်(ယခင်အခန်းတွင် ဖေါ်ပြခဲ့သလို)။ ပြောကြားမည့်လူသည် ရွှေ့ပြောင်းသွားလာခြင်းအကြောင်း ကောင်းစွာပြောဆိုရပါမည်။ သို့သော် ရွှေ့ပြောင်းသွားလာရန် အန္တရာယ်ရှိသောအခြေအနေကို ယူဘူးသူမဖြစ်သင့်ပါ။ အကယ်၍ ပြောကြားမည့်သူသည် ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့လူငယ်အသင်းသို့ မလာနိုင်ပါက ပါဝင်ဆောင်ရွက်သူများသည် ၎င်းထံသို့သွားရောက်တွေ့ဆုံရပါမည်။

အကယ်၍ အစည်းအဝေးအား ပုံမှန်အသင်း၏အစည်းအဝေးအချိန်တွင် မကျင်းပနိုင်ပါက ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ အသင်းသားများထံသို့ လူကိုယ်တိုင်ဖြစ်စေ စာနှင့်ဖြစ်စေ၊ ဖုန်းနှင့်ဖြစ်စေ သတင်းပေးအကြောင်းကြားရပါမည်။

အစည်းအဝေးမတိုင်မီ တစ်ရက်အလိုတွင် သင်လာမည့်အကြောင်းအား တွေ့ဆုံမည့်သူထံသို့အကြောင်းကြားပါ။

အဖွဲ့တခုချင်းစီအတွက် ပါဝင်သူများ၏ မေးခွန်းများအား မိတ္တူများပြုလုပ်၍ အစည်းအဝေးသို့ ယူဆောင်သွားရန်သတိပေးပါ။

## မိတ်ဆက်ခြင်း

### ကြိုဆိုခြင်း

ပါဝင်သူများအား ၎င်းတို့၏အမည်များခေါ်၍ ကြိုဆိုပါ။ လက်မှတ်ထိုး စာရွက်အားဝေငှပါ။

## သွေးပူလေ့ကျင့်ခန်း

ယနေ့အစီအစဉ်တွင် သွေးပူလေ့ကျင့်ခန်းမပါဝင်ပါ။

## သုံးသပ်ခြင်း

ပါဝင်သူများသည် အင်တာဗျူးလုပ်ပေးမည့်သူနှင့် မတွေ့မီ မေးရမည့်မေးခွန်းများအား ကြိုတင်ဖတ်ထားပါ။"IS 21a: မေးခွန်းများ မေးခြင်း" အားအဖွဲ့ဝင်များထဲတွင် အသံကျယ်ကျယ်ဖြင့်ဖတ်ပါ။

## မေးခွန်းများမေးခြင်း

ပြီးခဲ့သောအခန်းတွင် ရွှေ့ပြောင်းသွားလာခြင်းအကြောင်း ဖြေဆိုမည့်သူများအား ပတ်ဝန်းကျင်တွင် ရှာဖွေခဲ့သည်။ ယခုအခန်းတွင် ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ ကောင်းစွာသိသောသူများစာရင်းအား ပြင်ဆင်ပြီး မေးမည့်မေးခွန်းများအား သေချာစာရင်းပြုစုပါ။ ရွှေ့ပြောင်းသွားလာခြင်းအကြောင်း ပြောမည့်သူနှင့် မတွေ့ဆုံမီ မိနစ်၂၀အလို တွင်ဦးဆောင်သူများက မေးခွန်းမေးမည့်သူများအား ကြိုတင်၍မေးခွန်းများမေးပါ။

"IS 20a: မေးခွန်းများမေးခြင်း" အား ပါဝင်သူများအား ဖတ်ခိုင်းပါ။ ပြီးခဲ့သောရက်သတ္တပါတ်တွင် ၎င်းတို့ရေးခဲ့သော မေးခွန်းများအား မိတ္တူတစ်စောင်ကူးပြီးပေးပါ။

တွေ့ဆုံချိန်တွင် ပါဝင်သူများသည် "IS 20a: မေးခွန်းများမေးခြင်း"တွင် ပါဝင်သောလမ်းညွှန်ချက်များကို အခြေခံ၍ ၎င်းတို့ကိုယ်တိုင် မေးခွန်းများမေးပါ။ သို့သော် ဦးဆောင်သူများသည် ဖြေဆိုမည့်သူများအား အန္တရာယ်မရှိစေရန် ကာကွယ်ပေးရပါမည်။ အကယ်၍ ပါဝင်ဆောင်ရွက်သူ၏ မေးခွန်းသည်ဖြေဆိုသူအား စိတ်ညစ်စေခြင်း၊ ဝမ်းနည်းစေခြင်း ဖြစ်စေခဲ့ပါက ဦးဆောင်သူသည် မေးခွန်းမေးသူအား နောက်ထပ်မေးခွန်းတစ်ခု ပြောင်းမေးရန် ညင်သာစွာအကြံပြုပါ။ တွေ့ဆုံချိန်သည် အနည်းဆုံး မိနစ်၃ဝ၊ တစ်နာရီခန့်ရှိရပါမည်။ တစ်နာရီထက်မပိုရပါ။

ယခုအစီအစဉ်သည် လူငယ်များအတွက် အမှန်တကယ်ရွှေ့ပြောင်းသွားလာခဲ့သောသူနှင့် ဆွေးနွေးခြင်းဖြစ်၍ အသုံးဝင်ဆုံးဖြစ်ပါသည်။

အဖွဲ့အားအချိန်ပေး၍ ပြောကြားပေးသည့် ဖြေဆိုသူအား ကျေးဇူးတင်စကားပြောရန်သတိရပါ။

# အခန်း (၂၂) ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သေချာသည့်စာရင်းအားအသုံးပြုခြင်း

## ရည်မှန်းချက်

ပါဝင်ဆောင်ရွက်သူများသည် သေချာသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သေချာသည့်စာရင်းအား မည်ကဲ့သို့ ရေးဆွဲရမည်ကို နားလည်ရပါမည်။ ၎င်းတို့ကိုယ်တိုင် လုံခြုံမှုရှိစေရန် အခြားနည်းလမ်းများကိုလည်း ရှာဖွေရပါမည်။

## အချိန်

၇၅မိနစ်

## အထောက်အပံ့များ

- ကျွမ်းကျင်သောလမ်းပြစာအုပ်ငယ်
- "IS 22a: အမည်စာရင်း: လုံခြုံသောရွှေ့ပြောင်းသွားလာခြင်း"

## မိတ်ဆက်ခြင်း

## ကြိုဆိုခြင်း

ပါဝင်သူများအား ၎င်းတို့၏အမည်များ ခေါ်၍ကြိုဆိုပါ။ လက်မှတ်ထိုး စာရွက်အားဝေငှပါ။ သွေးပူလေ့ကျင့်ခန်း လူငယ်ဦးဆောင်သူ တစ်ဦးအား သွေးပူလေ့ကျင့်ခန်းစာရင်းမှ တစ်ခုအားလုပ်ဆောင်ရန်ပြောကြားပါ။

## သုံးသပ်ခြင်း

တွေ့ဆုံမေးမြန်းစဉ်တွင် သင်သည်တစ်စုံတစ်ရာကြောင့် အံ့အားသင့်မှု ဖြစ်စေခဲ့ပါသလား။
သင်၏ဘဝအတွက် ယင်းသတင်းအချက်အလက်များကို အသုံးပြုသင့်ပါသလား။
ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မေးခွန်းများအား အခြားဘယ်သူ့ကိုများ မေးရန်သင်စဉ်းစားမိပါသလဲ။

## ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာလုံခြုံသေချာစေသည့်စာရင်း

ဤစာရင်းသည် ပါဝင်သူများအား စိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းအတွက် အကူအညီပေးမည်ဖြစ်ကြောင်း ရှင်းပြပါ။ စေတနာ့ ဝန်ထမ်းအား၎င်းတို့၏ ကျွမ်းကျင်သော လမ်းပြစာအုပ်ငယ်မှ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သေချာသည့်စာရင်း သို့ လှန်ရန်ပြောလိုက်ပြီး ကျယ်လောင်စွာဖတ်ပြခိုင်းပါ။ ယခုအချိန်တွင် ၎င်းတို့အား စာရင်းမဖြည့်ရန် ရှင်းပြပါ။ ဤစာရင်းသည် ၎င်းတို့ ရွှေ့ပြောင်းသွားလာရန် အစီအစဉ်ရှိပါက အသုံးပြုနိုင်ရန် ပုံစံထုတ်ထားခြင်းသာဖြစ်ပါသည်။ ဆိုလိုသည်မှာ နောက်ပိုင်းတွင် ရွှေ့ပြောင်းသွားလာမည်ဆိုပါက ယင်းသို့မသွားမီ ဤအမည်စာရင်းအား ဖြည့်စွက်ရန်လိုကြောင်း သိစေခြင်းသာဖြစ်ပါသည်။

ထို့နောက် ပါဝင်ဆောင်ရွက်သူများအား အောက်ပါမေးခွန်းများမေးပါ။
- သင်တို့နားမလည်းသော မေးခွန်းများရှိပါသလား။
- မေးခွန်းများသည်ရွှေ့ပြောင်းသွားလာရန်အတွက် ကြိုတင်ဆင်ပြင်နိုင်ရန် အထောက်အကူဖြစ်ပါသလား။

- အမည်စာရင်းပြုလုပ်ရာတွင် မည်သည့်အခက်အခဲအတားအဆီးများ ရှိပါသနည်း။
- ထိုအခက်အခဲများအား မည်သို့ကျော်ဖြတ်မည်နည်း။
- ထိုမေးခွန်းပြည့်စုံစေရန် သတင်းအချက်အလက်ကို မည်သို့ရှာဖွေမည်နည်း။
- သတင်းအချက်အလက်များအား ယခင်ရွှေ့ပြောင်းသွားလာသူများ၊ ဒေသအာဏာပိုင်များ၊ ဆရာ/မများ၊ ဒေသခံ NGOဝန်ထမ်းများထံမှသတင်းရနိုင်ပါသလား။
- ဤစာရင်းအား သင်၏မိသားစုအား မျှဝေနိုင်ပါသလား။

**အကယ်၍ စာရင်းရှိအချက်အလက်များအား မရှာနိုင်လျှင်မည်သို့ ဖြစ်မည်နည်း။**

**အကယ်၍ စာရင်းရှိအချက်အလက်များအား မရှာနိုင်လျှင်-**

ဤစာရင်းသည် လမ်းညွှန်မှုတစ်ခုဖြစ်ကြောင်း ရှင်းပြပါ။ သင်မထွက်ခွါမီ စာရင်းနှင့်ဆိုင်သော အချက်အလက်အားလုံးကို သေချာမဖြည့်စွက်နိုင်တာဖြစ်နိုင်ပါမည်။ သို့သော် စာရင်းရှိမေးခွန်းများအား သင်များများဖြေဆိုနိုင်ပါက သင့်အတွက်ပိုကောင်းပါသည်။ အကယ်၍ စာရင်းမှမေးသော သတင်းအချက်အလက်များ အများဆုံး သို့မဟုတ် လုံးဝမရှာနိုင်လျှင် စာရင်းရှိသတင်းအချက်အလက် အများဆုံးမရှာနိုင်လျှင် လူကုန်ကူးခံရခြင်း အန္တရာယ်မြင့်တက်လာနေပြီဟု သတိပေးနေခြင်းဖြစ်ပါသည်။ ဆုံးဖြတ်ချက်ချမှတ်ခြင်း မော်ဒယ်လ်တွင် ပြုလုပ်ခဲ့သည့်ဆွေးနွေးချက်များကို အသုံးပြု၍ အန္တရာယ်ရှိခြင်းသည် ကောင်းကျိုးရှိခြင်းထက် ပိုများကြောင်းသိရှိရပါမည်။ စာရင်းရှိ သတင်းအချက်အလက် အများဆုံးမရှာနိုင်လျှင် ရွှေ့ပြောင်းသွားလာရန် အခြားနည်းအား စဉ်းစားသင့်ပါသည်။

**အခြားနည်းလမ်းဖြင့်ရွှေ့ပြောင်းသွားလာခြင်း**

မည်သို့ဖြစ်စေ ရွှေ့ပြောင်းသွားလာရန် ဆုံးဖြတ်ချက်ချထားပါက ယင်းအားပြောင်းလဲမှုပြုလုပ်ရန် အခက်အခဲရှိနိုင်သည်။ အောက်ပါ ရွေးချယ်စရာများသည် စဉ်းစားရာတွင် အကူအညီရနိုင်ကြောင်း အဖွဲ့ကိုပြောပြပါ။ (ထိုအချက်များအား ကျယ်ကျယ်ဖတ်ရန် လိုပါသည်)

**ရွှေ့ပြောင်းသွားလာရန်အချိန်ဆွဲခြင်း**

သင်၏ဘဝအခြေအနေအရ ရုတ်တရက်ရွှေ့ပြောင်းရန် တွန်းအားပေးခံရလျှင် သင်ရွှေ့ပြောင်းမှုလုပ်မည်လားဟု သင်ကိုယ်ကိုမေးကြည့်ပါ။ ဒါမှမဟုတ် ရွှေ့ပြောင်းသွားလာရန် အချိန်ဆွဲနိုင်မလား။

သင်သည် အသက်၁၆နှစ်ကျော်ရန်အထိ စောင့်ပါ။ တိုင်းပြည်အများစုတွင် အသက်၁၆နှစ်မပြည့်သေးသောသူများ အချိန်ပြည့်အလုပ်လုပ်ခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သောကိစ္စတခုဖြစ်သည်။ သင်သည် အသက်ကြီးသည့်အချိန်ထိ စောင့်စားခြင်းဖြင့် လောကကြီးအကြောင်း ပိုမိုသိရှိလာနိုင်ခြင်း၊ ပို၍အမြင်ကျယ်လာခြင်း၊ လောကဓံကိုကြံ့ကြံ့ခံနိုင်ခြင်း စသည့်အကျိုးများရရှိလာပါမည်။ သင်သည် အသက် ၁၈ နှစ် ပြည့်သည့်အချိန်ထိ စောင့်ပါကပို၍ကောင်းပါသည်။ (ဦးဆောင်သူများသည် ပါဝင်သူများအား တိုင်းပြည်တွင်း ရွှေ့ပြောင်းသွားလာရန်အတွက် တရားဝင်အသက်သတ်မှတ်ချက်အား သတိပေးရန်လိုအပ်ပါသည်။ နိုင်ငံတကာ တရားဝင်သတ်မှတ်ထားသော အသက်သတ်မှတ်ချက်မှာ ၁၈ နှစ် ဖြစ်ပါသည်။)

**ကျောင်းကြာရှည်တက်ခြင်း**

အကယ်၍ သင်သည် ကျောင်းကြာရှည်တက်ပါက ပို၍ပညာတတ်ပါမည်။ ထိုအချက်သည် သင့်အားပိုကောင်းသောအလုပ်ရရန် အထောက်အကူပြုပါသည်။ အထူးသဖြင့် သင်သည်ကွန်ပျူတာပညာရပ်များ (သို့) ထိုင်း၊ တရုတ်၊ အင်္ဂလိပ် ကဲ့သို့ဘာသာစကား လေ့လာမှုများ ယင်းသို့နားလည်ခြင်းဖြင့် သင်သည်အလုပ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများအားလည်း ပို၍နားလည်ပါမည်။

## အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာအားအရင်ဆုံးသင်ယူပါ

ဦးစွာသင်သွားမည့်အရပ်ဒေသတွင် မည်သည့်စက်ရုံများမှ ဝန်ထမ်းရှာဖွေနေသလဲကို ရှာဖွေပါ။ အကယ်၍ အထည်ချုပ်စက်ရုံရှိလျှင် မသွားမီ စက်ချုပ်ပညာသင်ရပါမည်။ မော်တော်ယာဉ်စက်ရုံရှိပါက မော်တော်ယာဉ်ပစ္စည်းနှင့် ကားစက်ကိရိယာနှင့် ပါတ်သတ်သော သင်တန်းတတ်ရပါမည်။

## နေ့စဉ်မှတ်တမ်း

ပါဝင်သူများအား ရွှေ့ပြောင်းသွားလာသူသည် လုံခြုံစိတ်ချသော ရွှေ့ပြောင်းမှုဆိုင်ရာ စာရင်းနှင့်ပါတ်သက်သော အချက်အလက်များ မရှိပါကကြုံတွေ့ရမည့် အန္တရာယ်အကြောင်းချရေးခြင်းဖြစ်စေ၊ ပုံဆွဲခြင်းဖြစ်စေ ပြုလုပ်ရန်ပြောပါ။

## အခန်းအကျဉ်းချုပ်

- သင်မရွှေ့ပြောင်းမီ လုံခြုံစိတ်ချသော ရွှေ့ပြောင်းခြင်းဆိုင်ရာစာရင်းအား ဖြည့်ရမည်။
- စာရင်းတွင်ပါဝင်သော အချက်အလက်များအား အများဆုံးမရှာနိုင်လျှင် သင်သည် လူကုန်ကူးခံရဖွယ် အန္တရာယ်ရှိနေပါပြီ။
- အကယ်၍သင်သည် လုံခြုံသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အဖြေနှင့်ပါတ်သတ်သောအချက်အလက်များ မရှိပါက အောက်ပါအချက်များ လုပ်နိုင်သည်။
- ရွှေ့ပြောင်းသွားလာခြင်းအား အချိန်ဆွဲခြင်း
- ကျောင်းကြာရှည်တတ်ခြင်း
- အခြားသောသက်မွေးပညာများသင်ယူနေခြင်း

## နိဂုံးချုပ်ခြင်း

ပါဝင်သူများကို မေးစရာမေးခွန်းများနှင့် သို့မဟုတ် နောက်ဆက်တွဲ ဖြည့်ချင်တာများကို ရေးသားရန် သို့မဟုတ် မေးမြန်းပြောကြားရန်နှင့်၄င်းတို့ကို ဦးဆောင်သူများထံသို့ အမည်မတပ်ပဲ လက်လွှဲပေးရန်ပြောကြားပါ။ လာရောက်ကြသော လူတိုင်းကို ကျေးဇူးတင်ပါသည်။ နောက်တစ်ကြိမ်အဖွဲ့အစည်းအဝေးအချိန်ကို အတည်ပြုပါ။ ပါဝင်သူများကို ဤအခန်းကို တက်ရောက်ခြင်းအတွက် သူတို့သည် နောက်ထပ်ကြယ်တစ်ပွင့် ရရှိသွားပြီးဖြစ်ကြောင်း ကိုပြောကြားပါ။ ရွှေ့ပြောင်းနေထိုင်ခြင်းသည် ကောင်းမွန်သော အချက်များရှိကြောင်း ရှင်းပြပါ။ ထိုသို့နေထိုင်ခြင်းဖြင့် လူငယ်များသည် အလုပ်အကိုင်ကောင်းများ ရရှိနိုင်ပြီး ပိုမိုကောင်းမွန်သောဘဝကို ပိုင်ဆိုင်နိုင်ပါမည်။ ဤစာရင်းပြုစုထားခြင်းသည် ထိုသို့ပြောင်းရွှေနေထိုင်လိုသောလူများအား လူကုန်ကူးခံရမှု မရှိပဲလုံခြုံစွာဖြင့် အခွင့်အလမ်းကောင်းများရရှိရန်၊ နေထိုင်နိုင်ရန် ကူညီပေးပါသည်။

# IS 22a: စစ်ဆေးရမည့်စာရင်း

# လုံခြုံသောရွှေ့ပြောင်းသွားလာခြင်း

သင့်ရဲ့လူမှုအသိုက်အဝန်းအပြင်ဘက်တွင် အလုပ်ရှာရန် ရွှေ့ပြောင်းဖို့အကြောင်း သင်ပထမဆုံးဆွေးနွေးသောအခါတွင် ဤမေးခွန်းများကို ဖြေဆိုပါ။ ဤမေးခွန်းများကို သင့်မိသားစုနှင့် ဆွေးနွေးပါ။

စစ်ဆေးရမည့် စာရင်း

| သင်သွားရောက်ရမည့်နေရာနှင့်ပါတ်သတ်သောသတင်းအချက်အလက် | မှန် | မှား |
|---|---|---|
| သင်ဘယ်ကိုသွားမလဲဆိုတာ သင်သိပါသလား။<br>အကယ်၍ သိပါက၊ မြို့ရဲ့အမည်ကို ဤနေရာတွင်ရေးသားပါ။ ________________ | | |
| သင်သွားရောက်မည့်မြို့တွင် နေထိုင်သူတစ်ယောက်ယောက်ကို သင်သိပါသလား။ | | |
| သင့်တွင်ထိုလူ၏ဖုန်းနံပါတ်ရှိပါသလား။ | | |
| သင်ရောက်သောအခါတွေ့ရန်ထိုလူကိုသင်ဖုန်းဆက်နိုင်ပါသလား။ | | |

| ခရီးစဉ်အကြောင်းသတင်းအချက်အလက် | မှန် | မှား |
|---|---|---|
| အလုပ်ကိစ္စပြီးဆုံးသွားလျှင် သင့်ရဲ့မိခင်နိုင်ငံကို သင်မည်ကဲ့သို့ပြန်ရမည်ကို သင်သိပါသလား။<br>အပြန်ခရီးစရိတ်သည် မည်မျှကုန်ကျမည်နည်း။ ပမာဏကိုဤနေရာတွင်ရေးပါ။ ________________ | | |
| သင်သွားရောက်မည့်နေရာတွင်နေထိုင်စရိတ်မည်မျှကုန်ကျမည်နည်း။<br>ပမာဏကိုဤနေရာတွင်ရေးပါ<br>________________ | | |
| သင်ရောက်ရှိသောအခါနှင့်အပြန်ခရီးကြားတွင်အချိန်တစ်ခုအားဖြင့်နေထိုင်ဖို့ရန်သင့်တွင် ပိုက်ဆံလုံလောက်ပါရဲ့လား။ (သင်သည်ခရီးအတွက်လူသစ်စုသူသို့မဟုတ်အလုပ်ရှင်ထံမှပိုက်ဆံချေးငှားယူခဲ့လျှင် သို့မဟုတ် သင့်တွင် လူသစ်စုသူကို အာမခံထားမှုအတွက် အကြွေးပေးစရာရှိခဲ့လျှင် အန္တရာယ်ကြီးကြောင်းသတိရပါ။ အလုပ်သစ်ရဖို့ လူသစ်စုသူ သို့မဟုတ် အလုပ်ရှင်ထံတွင် အကြွေးတင်ခြင်းသည် အန္တရာယ်ကြီးသည်။) | | |
| သင်သည်သူငယ်ချင်းများနှင့်ခရီးသွားမှာလား။ | | |

| အလုပ်အကြောင်းသတင်းအချက်အလက် | မှန် | မှား |
|---|---|---|
| သင်သည်ယခင်ကထိုလူသို့မဟုတ်လူသစ်စုသူမှအလုပ်ခန့်ပေးခဲ့သူတစ်စုံတစ်ယောက်ကိုသိပါသလား။ | | |
| အလုပ်ရသွားသောလူသည်အိမ်ကိုမကြာခဏအလည်ပြန်လာတတ်ပါသလား။ | | |
| အလုပ်ရသွားသောသူသည်သူသို့မဟုတ်သူမ၏မိသားစုကိုဖုန်းဆက်ပါသလား။ | | |

| | မှန် | မှား |
|---|---|---|
| ဤအလုပ်သည်သင်ကြားခဲ့ဖူးသောအခြားသောအလုပ်များနှင့်တူညီပုံရပါသလား။ | | |
| ၄င်းသည် သင်ကြားခဲ့ဖူးသောအခြားသော အလုပ်များကပေးသည့် တူညီသော ပိုက်ဆံပမာဏ ပေးပါသလား။ ( အကယ်၍ ဤအလုပ်သည် ကောင်းလွန်းနေပုံရပါက၊ ၄င်းသည်လိမ်လည်မှု တစ်ခုဖြစ်နိုင်သည်။) | | |
| အလုပ်အတွက်သင့်ကို စုစည်းပေးသူသည် သင်လုပ်ရမည့်အလုပ်၏အမည်ကို ပြောကြားနိုင်ပါသလား။ ၄င်းကိုဤနေရာတွင်ရေးပါ။ ______________________________ | | |
| ထိုလူသည် သင့်ကိုကုမ္ပဏီ၏လိပ်စာနှင့်ဖုန်းနံပါတ်ကို ပြောပြနိုင်ပါသလား။ ၄င်းကိုဤနေရာတွင်ရေးပါ။ ______________________________ | | |
| သင်သည်ကုမ္ပဏီ၏အမည်နှင့်လိပ်စာကိုအင်တာနက်တွင်ကြည့်နိုင်ပါသလား။ | | |
| သင့်တွင်စာချုပ်တစ်ခုရှိပါသလား။ | | |
| သင့်တွင်စာချုပ်မရှိပါက၊သင့်အလုပ်၏အခြေအနေများကိုဆွေးနွေးပြီးပြီလား။ | | |
| သင်သည်စာချုပ်တစ်ခုလုံးကိုဖတ်နိုင်ပြီးနားလည်နိုင်ပါသလား။ | | |
| သင်သည်စာချုပ်မှပြောကြားထားသည့်အရာအားလုံးကိုသဘောတူပါသလား။ | | |
| **အထောက်အထားများ** | | |
| အကယ်၍သင်သည် အခြားနိုင်ငံတစ်ခုသို့သွားလျှင်၊ သင့်တွင် နိုင်ငံကူးလက်မှတ်နှင့် ထိုနိုင်ငံအတွက်အလုပ်ဖြင့် နေထိုင်ခွင့်ရှိပါသလား။ | မှန် | မှား |
| **ဆက်သွယ်ရမည့်လူများ** | | |
| သင်အဝေးသို့ရောက်သောအခါ သင့်မိသားစုနှင့် ဆက်သွယ်ရန်အတွက် သင်သည် မိုဘိုင်းဖုန်းကို ယူဆောင်သွားမည်လား။ | မှန် | မှား |
| အခြားမြို့/နိုင်ငံတွင် အကယ်၍ တစ်ခုခုမှားသွားခဲ့ပါကနှင့် သင်အကူအညီနှင့် လုံခြုံမှုလိုအပ်သော အခါဆက်သွယ်ရမည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် လူတစ်ယောက်ယောက်ကို သင်သိပါသလား။ | | |
| နောက်ထပ်နိုင်ငံသီးခြားသတ်မှတ်ထားသောအဆက်သွယ်များ။ | | |
| သင်က 'မှန်'ဟု အကြိမ်များများဖြေခဲ့တိုင်း သင့်ရဲ့အစီအစဉ်သည် ပိုမို၍အန္တရာယ်ကင်းလေ ဖြစ်သည်။ | | |

# အခန်း (၂၃) လမ်းခရီးတွင်လုံခြုံမှုကိုထိန်းသိမ်းခြင်း.

## ရည်ရွယ်ချက်

ပါဝင်သူများသည် ၄င်းတို့ ရွှေ့ပြောင်းသွားလာရန် ခရီးထွက်သောအခါ လုံခြုံမှုကို ထိန်းသိမ်းရန်အတွက် နည်းဗျူဟာများကို သင်ယူကြလိမ့်မည်။

## အချိန်

၇၅မိနစ်

### အထောက်အပံ့များ

- ကျွမ်းကျင်သောလမ်းပြစာအုပ်ငယ်
- 'IS 23a: စစ်ဆေးရမည့်စာရင်း: အန္တရာယ်ကင်းသောခရီး' နှင့် 'IS 23b: အညွှန်း၊ ရပ်တန့်ရန်အချက်ပြအမှတ်အသား "IS23c: မှတဉီးချင်းအတွက်"

## မိတ်ဆက်ခြင်း

### ကြိုဆိုခြင်း

ပါဝင်သူများကို အမည်တပ်၍ကြိုဆိုပါ။ လက်မှတ်ထိုးစာရွက်ကို လက်ဆင့်ကမ်းပေးပါ။

### သွေးပူလေ့ကျင့်ခန်း

စာရင်းထဲမှသွေးပူလုပ်ဆောင်မှုကို ဦးဆောင်ဖို့ လူငယ်ဦးဆောင်သူကိုပြောကြားပါ။

### ပြန်လည်ဆန်းစစ်ခြင်း

ပြီးခဲ့သောအခန်းအချို့တွင် ကျွန်ုပ်တို့သည် ဆုံးဖြတ်ချက်ပုံစံအကြောင်းကို ပြောခဲ့ပြီးဖြစ်သည်။
ကျွန်ုပ်ကို ဆုံးဖြတ်ချက်ပုံစံတွင် အဆင့် ၅ ဆင့် ကို တစ်ယောက်ယောက်က ပြောပြနိုင်မလား။
၎င်းအဆင့်များကို သင်သည် သင့်ကိုယ်ပိုင်ဘဝတွင် အသုံးပြုမည်လား။

## ခရီးစဉ်တွင်လုံခြုံမှုကိုထိန်းသိမ်းခြင်း

အကယ်၍ ပါဝင်သူများသည် အဆင့်အားလုံးကို ခွင့်ပြုခဲ့ပြီး ရွှေ့ပြောင်းသွားလာရန်ဆုံးဖြတ်ချက်ချပြီးပါက၊ သူတို့သည် ယခုအခါတွင် မည်ကဲ့သို့ပိုမိုလုံခြုံစွာ ခရီးသွားရမည်ဖြစ်ကြောင်း သိရှိရန် လိုအပ်ကြောင်းရှင်းပြပါ။ ပါဝင်သူများကို ၄င်းတို့ ရွှေ့ပြောင်းသွားလာခြင်း မပြုမီ သူတို့သည်ပြီးခဲ့သောအခန်းတွင် ဆွေးနွေးထားပြီးဖြစ်သော 'စစ်ဆေးရမည့်စာရင်း အန္တရာယ်ကင်းစွာ ရွှေ့ပြောင်းသွားလာခြင်း' ကို ပြည့်စုံသင့်ကြောင်းပြောကြားပါ။ ထို့နောက် သူတို့သည် သူတို့၏အရေးကြီးသော အထောက်အထားများကို နေရာချပြီး ထုတ်ပိုးသင့်သည်။ ပါဝင်သူများကို သူတို့၏ကျွမ်းကျင်သော လမ်းပြစာအုပ်ငယ်များထဲမှ 'စစ်ဆေးရမည့်စာရင်း- အရေးကြီးသောအထောက်အထားများ' ကိုလှန်လိုက်ရန်ပြောကြားပါ( အောက်ရှိ 'IS23b: စစ်ဆေးရမည့်စာရင်း အရေးကြီးသောအထောက်အထားများ' လည်းပါဝင်သည်)

ဤအရာသည် ရွှေ့ပြောင်းသွားလာရာတွင် သူတို့လိုအပ်ကောင်းလိုအပ်နိုင်သည့် အထောက်အထားများဖြစ်ကြောင်း ရှင်းပြပါ။ နိုင်ငံကူးလက်မှတ်နှင့် ပြည်ဝင်ခွင့်တို့မှာ မည်သည်တို့ဖြစ်သည်ဆိုတာကို တစ်ယောက်ယောက်များ မှတ်မိသလားဟုမေးပါ။ စစ်ဆေးရမည့်စာရင်း -အရေးကြီးသောအထောက်အထားများ' ပါဝင်သူတစ်ဦးစီအတွက် 'IS 23c: ရပ်တန့်ရမည့်အမှတ်အသားများ' မှရပ်တန့်ရမည့်အမှတ်အသားတစ်ခုစီ ပါဝင်သူများကို နိုင်ငံကူးလက်မှတ်ဆိုသည်မှာ သူတို့၏နိုင်ငံမှထုတ်ပေးခြင်းဖြစ်ပြီး သူတို့နိုင်ငံခြားမျဉ်းကို ဖြတ်သန်းသောအခါတွင် ထုတ်ပြရမည်ဖြစ်ကြောင်း သတိပေးပါ။ သူတို့သည် သူတို့နိုင်ငံမှ နိုင်ငံကူးလက်မှတ်ကို ရပြီးသောအခါ၊ သူတို့သည် အခြားနိုင်ငံတစ်ခုကို ဝင်ရောက်ရန်အတွက် ပြည်ဝင်ခွင့်ကို တောင်းခံရမည်ဖြစ်သည်။ ပါဝင်သူများကို ခရီးသွားရာတွင် သို့မဟုတ် ရွှေ့ပြောင်းသွားလာရာတွင် သူတို့၏ နိုင်ငံကူးလက်မှတ်ကို လုံခြုံအောင်သိမ်းဆည်းခြင်းသည် ထိပ်တန်းအဆင့်အတန်းဖြစ်ကြောင်း ရှင်းပြပါ။ သူတို့သည် လုံလုံခြုံခြုံသိမ်းထားဖို့ အခြား တစ်ယောက်ကို မည်သည့်အခါတွင်မျှပေးမထားသင့်ပါ။

ပါဝင်သူများကို ပြည်ဝင်ခွင့်ဆိုသည်မှာ သူတို့ကိုလက်ခံမည့်နိုင်ငံမှ ထိုနိုင်ငံကိုဝင်ရောက်ခွင့်ပြုကြောင်း ထုတ်ပေးသည့် နိုင်ငံကူးလက်မှတ်ထဲရှိ တံဆိပ်တုံးတစ်ခု သို့မဟုတ် ကပ်ခွာတစ်ခုဖြစ်ကြောင်း သတိပေးပါ။ သူတို့ကို သူတို့သွားရောက်ချင် သော နိုင်ငံမှပြည်ဝင်ခွင့်မပေးပဲ ဖြစ်ကောင်းဖြစ်နိုင်ကြောင်းသတိပေးပါ။

ပြည်ဝင်ခွင့်အမျိုးမျိုးရှိကြောင်း ရှင်းပြပါ။ အလုပ်ဖြင့် ပြည်ဝင်ခွင့်ဆိုသည်မှာ သူတို့သည် နိုင်ငံထဲတွင် တရားဝင်အလုပ်လုပ်ခွင့် ရှိသည်၊ အလည်အပတ်ပြည်ဝင်ခွင့်ဆိုသည်မှာ သူတို့သည်လည်ပတ်နိုင်သည် သို့သော် တရားဝင်အလုပ်လုပ်ခွင့်မရှိပေ။ ထိုသို့ ဆိုလျှင်တောင် သူတို့သည် စစ်ဆေးရမည့်စာရင်းရှိ အထောက်အထားများအားလုံးကို မရရှိသေးကြောင်း၊ အထောက်အထား များများရှိလေ သူတို့အတွက် ပိုမိုလုံခြုံလေဖြစ်ကြောင်းကို မှတ်သားပါ။ သူတို့ခရီးသွားစဉ် သူတို့၏အထောက်အထားများသည် လုံခြုံနေကြောင်းကို သေချာစေရန် ကြိုတင်ကာကွယ်ခြင်းများ ပြုလုပ်သင့်သည်ဆိုတာကို ရှင်းပြပါ။ သူတို့လုပ်ဆောင်နိုင်သည့် အဓိက ကြိုတင်ကာကွယ်ခြင်းနှစ်ခုကို ကျယ်ကျယ်ဖတ်ပါ။

၁။ ပထမဆုံးမှာ သင့်ရဲ့နိုင်ငံကူးလက်မှတ်၊ ပြည်ဝင်ခွင့်၊ အလုပ်လိုင်စာနှင့် မှတ်ပုံတင်ကဒ် (အကယ်၍ ဤအထောက်အထားများ ရှိလျှင်) ကို မိတ္တူနှစ်စောင်ပွားထားပါ။ သင်သည် မိတ္တူတစ်စောင်ကို သင့်အိမ်တွင် သင့်ရဲ့မိသားစု သို့မဟုတ် သူငယ်ချင်းများနှင့် ချန်ထားရစ်ခဲ့ပြီး နောက်ထပ်မိတ္တူတစ်စောင်ကို သင်နှင့်အတူယူထားသင့်သည်။ သင်ယူခဲ့သောမိတ္တူကို သင့်ရဲ့အထောက်အထား အစစ်များနှင့် တစ်နေရာတည်းတွင် မသိမ်းဆည်းပါနှင့်။ အကယ်၍ သင့်ရဲ့အထောက်အထားများသည် ခရီးစဉ်တွင်ပျောက်ဆုံးခြင်း သို့မဟုတ် အခိုးခံရခြင်းဖြစ်ခဲ့ပါက၊ မိတ္တူများသည် ၎င်းတို့နေရာတွင်အစားထိုးဖို့ရန် ပိုမိုလွယ်ကူစေလိမ့်မည်။ အကယ်၍ သင့်မိသားစုသည် သင်နှင့်အဆက်အသွယ်ပြတ်သွားခဲ့ပြီး သင့်ကိုစိုးရိမ်ပူပန်နေခဲ့လျှင် မိတ္တူများသည် သူတို့က သင့်ပျောက်ဆုံးမှုအတွက် အာဏာပိုင်များကို သတင်းပို့သည့်အခါ သူတို့အတွက် ပိုမိုလွယ်ကူစေပြီး သင့်ကိုရှာတွေ့နိုင်သည်။

၂။ ဒုတိယကြိုတင်ကာကွယ်ခြင်းမှာ သင်ခရီးသွားနေစဉ် သင့်ရဲ့အထောက်အထားများကို သင့်ရဲ့အဝတ်အစား (အိတ်ထဲတွင် မဟုတ်) များထဲတွင် ဖွက်ထားရန် နေရာကောင်းကောင်းတစ်ခု ရှာဖွေရန်ဖြစ်သည်။ လူစိမ်းများက သင်သည် သင့်ရဲ့ အထောက်အထားများကို မည်သည့်နေရာတွင် သယ်ယူလာသည်ဆိုတာကို မမြင်သင့်ပေ။

ပါဝင်သူများကို သူတို့၏ ကျွမ်းကျင်သော လမ်းပြစာအုပ်ငယ်များထဲတွင် 'စစ်ဆေးရမည့်စာရင်း- အန္တရာယ်ကင်းစွာ ခရီးသွားလာခြင်း' (အောက်ဖက်ရှိ 'IS 23a: အန္တရာယ်ကင်းစွာ ခရီးသွားလာခြင်း'ကိုလည်းပဲ) ကြည့်ဖို့ပြောပါ။ ပါဝင်သူများကို စာရင်းကို ကျယ်ကျယ်ဖတ်ဖို့ ပြောပါ။ မေးမြန်းပါ။

- ဤကြိုတင်ကာကွယ်ခြင်းများသည် သင်ပိုမိုအန္တရာယ်ကင်းစွာ ခရီးသွားလာဖို့ရန် ကူညီလိမ့်မည်ဟု သင်ထင်ပါသလား။
- ဤကြိုတင်ကာကွယ်ခြင်းများကို လုပ်ဆောင်ရန် မည်သည့်အတားအဆီးများရှိနိုင်သနည်း။
- ထိုအတားအဆီးများကိုသင်မည်ကဲ့သို့ကျော်လွှားနိုင်မည်နည်း။

**ရပ်တန့်ခြင်းဇာတ်လမ်းကစားခြင်း**

အနီရောင်ရပ်တန့်ခြင်းအမှတ်အသားများ ('IS 23c: ရပ်တန့်ခြင်းအမှတ်အသားများ') ကိုဝေပေးပါ။ သင်သည် ရွှေ့ပြောင်းသွားလာသူ တစ်ယောက်၏ဇာတ်လမ်းတစ်ခုကို ဖတ်ပြတော့မည်ဖြစ်ကြောင်းရှင်းပြပါ။

ရွှေ့ပြောင်းသွားလာသူသည် အန္တရာယ်ဖြစ်စေမည့် တစ်စုံတစ်ခုကို ပြုလုပ်လိုက်တိုင်း ပါဝင်သူများသည် သူတို့၏ ရပ်တန့်ခြင်း အမှတ်အသားများကို ကိုင်မြှောက်လိုက်ပြီး ရပ်တန့်ဖို့ပြောပါ။ ထို့နောက် ပါဝင်သူများသည် မည်သည်က အန္တရာယ်ဖြစ်ကြောင်းနှင့် ရွှေ့ပြောင်းသွားလာသူ မည်သို့ပြုလုပ်သင့်ကြောင်းကို ရှင်းပြပါ။ အောက်ပါဇာတ်လမ်းကိုကျယ်ကျယ်ဖတ်ပြပါ။

စုစုသည် ကျောင်းမပြီးဆုံးသေးသော ငယ်ရွယ်သည့်မိန်းမငယ်တစ်ယောက်ဖြစ်ပြီး ရွှေ့ပြောင်းသွားလာဖို့ ဆုံးဖြတ်ခဲ့သည်။ (ရပ်တန့်ပါ-ဖြစ်နိုင်ပါက သူမသည် ပညာပိုမိုသင်ယူသင့်သေးသည်။) သူမသည် အလုပ်အတွက် သူမသွားရောက်နိုင်သည့် နေရာများကို စတင်စဉ်းစားခဲ့သည်။

သူမသည် သူ့ကို ၂၀၀ ဒေါ်လာ ပေးပါက အလုပ်တစ်ခုကို သူမအတွက် ရှာပေးနိုင်သည်ဟု ပြောကြားသောလူတစ်ယောက်နှင့် ဆုံခဲ့သည်။ သူမသည် သူမမိသားစုနှင့်အတူ ဆုံးဖြတ်ချက်ကိုပြောကြားခဲ့သည်။ နောက်ဆုံးတွင် သူမသည် ဒေသန္တရငွေချေးသူထံမှ သူမမိသားစု၏လယ်ကို အပေါင်ထား၍ ပိုက်ဆံချေးရန် ဆုံးဖြတ်ခဲ့သည်။ ( ရပ်တန့်ပါ- သူမသည် ရွှေ့ပြောင်းသွားလာရန်အတွက် အကြွေးတင်ကျန်ခြင်းမျိုး မရှိစေဖို့နှင့် သူမမိသားစု၏ သက်သာချောင်ချိရေးကို ဘေးသင့်မည့်အလားအလာမျိုးကို မဖြစ်စေဖို့ ကြိုးစားသင့်သည်။) သူမသည် အလုပ်ပွဲစားကို ဒေါ်လာ၂၀၀ပေးခဲ့ပြီး သူမမဖတ်တက်သောဘာသာစကားဖြင့်ရေးသားထားသော စာချုပ်တစ်ခုကို လက်မှတ်ရေးထိုးခဲ့သည်။

(ရပ်တန့်ပါ-သူမသည် သူမ မဖတ်တတ်သော စာချုပ်တစ်ခုကို ဘယ်တော့မှ လက်မှတ်မထိုးသင့်ပေ။)
စုစုတွင်မှတ်ပုံတင်ကဒ်ရှိသည်။ ပွဲစားက သူသည် သူမအလုပ်ရှင်အတွက် ၎င်းကို သိမ်းထားဖို့ရန်လိုအပ်ကြောင်း ပြောခဲ့ပြီး သူမ၏မှတ်ပုံတင်ကဒ်ကို ယူသွားခဲ့သည်။ ( ရပ်တန့်ပါ- သူမသည် သူမ၏မှတ်ပုံတင်ကဒ်ကို အခြားလူတစ်ယောက်ကို ဘယ်တော့မှ မပေးသင့်ပေ။) သူမသည် မည်သည့်သူမ၏အထောက်အထား၏ မိတ္တူကိုမှ သူမမိသားစုထံတွင် ချန်မထားခဲ့ပေ။ (ရပ်တန့်ပါ- သူမသည် သူမ၏အထောက်အထားများ၏မိတ္တူများကို သူမမိသားစုနှင့် ချန်ထားသင့်ခဲ့သည်။)

စုစုတွင် သူမနိုင်ငံအတွင်း ရွှေ့ပြောင်းသွားလာခဲ့ဖူးသော သူငယ်ချင်းများရှိခဲ့သည်။ သို့သော် ပွဲစားက သူမတစ်ခါမှ မကြားဖူးသော ထိုင်းနိုင်ငံရှိ နေရာတစ်ခုကို သူတို့သွားနေကြကြောင်း ပြောခဲ့သည်။ (ရပ်တန့်ပါ- သူမသည် သူမသွားသည့်နေရာနှင့် သူမ၏အလုပ်ရှင်အမည်ကို ဖြစ်နိုင်ပါက သူမ မသွားခင်သိထားခဲ့သင့်သည်။)

စုစုသည် ဆင်းရဲသောမိသားစုမှ ပေါက်ဖွားလာခဲ့သည်။ သူမ သူမ၏ရွာမှထွက်ခွာခဲ့သောအခါ သူမ၏အိပ်ကပ်ထဲတွင် ပိုက်ဆံမရှိသလောက်ပင်ဖြစ်သည်။ (ရပ်တန့်ပါ- သူမသည် သူမ ရောက်သောအခါတွင် ခဏတာနေထိုင်ဖို့ရန်နှင့် အကယ်၍ သူမရောက်ပြီး အလုပ်မရခဲ့လျှင် အပြန်လက်မှတ်အတွက်ပေးချေရန် ပိုက်ဆံလုံလုံလောက်လောက် ယူသွားသင့်သည်။) သူမသည် ဖုန်းမယူခဲ့ပေ။ သူမရွာရှိ မည်သူ့ဖုန်းနံပါတ်ကိုမျှ မသိခဲ့ပါ။ (ရပ်တန့်ပါ- သူမသည် ဖုန်းကိုယူဆောင်သွားဖို့ ကြိုးစားသင့်သည် သို့မဟုတ် သူမ မထွက်ခွာမီ အနည်းဆုံး သူမရွာမှ တစ်ယောက်ယောက်၏ ဖုန်းနံပါတ်ကိုသိထားသင့်သည်။)

ပထမတွင် စုစုက သူမသည် အခြားနိုင်ငံတွင် တရားဝင်အလုပ်လုပ်ဖို့ သွားနေခဲ့သည်ဟု ယူဆခဲ့သည်။ သို့သော် ပွဲစားက သူတို့သည် ထိုင်းနိုင်ငံသို့ နယ်ခြားမျဉ်းကို တရားမဝင်ဖြတ်ကျော်ရမည်ဖြစ်သောကြောင့် သူတို့သည် ညဖက်ထွက်ခွာရမည်ဖြစ်ကြောင်း သူမကိုပြောခဲ့သည်။ (ရပ်တန့်ပါ- အကယ်၍ ဖြစ်နိုင်လျှင် သူမသည်တရားဝင် ရွှေ့ပြောင်းသွားလာသင့်သည်။) သူတို့နယ်ခြား မျဉ်းကိုဖြတ်ကျော်ပြီးသောအခါ စုစုကို ကိုယ်ပိုင်ကားတစ်စီးထဲသို့ တင်ဆောင်လိုက်သည် (ရပ်တန့်ပါ- သူမသည် ကိုယ်ပိုင်ကားထဲသို့မဝင်သင့်ပေ။)

**ဉာဏ်စမ်း**
စာမျက်နှာ ၁၀ သင်ရိုးညွှန်းတမ်း၏အစရှိ သွေးပူလုပ်ဆောင်ချက်များထဲမှ မှတ်ဉာဏ်ဘောလုံးကစားပွဲကိုကစားပါ။

## အလှည့်ကျသရုပ်ဖော်ကစားခြင်း

ပါဝင်သူများကို လူ ၈-၁၀ ထိပါဝင်သော အဖွဲ့များအဖြစ် ခွဲဖို့ပြောကြားလိုက်ပါ။ အဖွဲ့တစ်ခုစီကို ဤဇာတ်ညွှန်းပေါ်အခြေပြု၍ သရုပ်ဖော် တစ်ခုပြုလုပ်ဖို့ ပြင်ဆင်ရန်ပြောကြားပါ:

ရွှေ့ပြောင်းသွားလာသူတစ်ဦးသည် ဘတ်စ်ကားစီးလာသည်။ ပထမတွင် ခရီးသွားတစ်ယောက်သည် ရွှေ့ပြောင်းသွားလာသူကို အလုပ်တစ်ခု ကမ်းလှမ်းရန် ကြိုးစားသည်။ ရွှေ့ပြောင်းသွားလာသူသည် ငြင်းဆိုဖို့ရန် ကိုယ့်ကိုယ်ကိုယုံကြည်သော ပြောဆိုဆက်ဆံမှုကို အသုံးပြုလိုက်သည်။ ထို့နောက် ဘတ်စ်ကားမောင်းသူသည် ရွှေ့ပြောင်းသွားလာသူကို နောက်မှတ်တိုင်တွင် ကိုယ်ပိုင်ဘတ်စကားတစ်စီးပေါ် ရောက်သွားအောင် ဖြားယောင်းဖို့ရန်ကြိုးစားသည်။ ရွှေ့ပြောင်းသွားလာသူ မည်သို့ပြုလုပ်သလဲ။

## အခန်းအကျဉ်းချုပ်

• သင်မသွားခင် သင့်ရဲ့စာအုပ်လေးထဲတွင် ‘အန္တရာယ်ကင်းစွာခရီးသွားလာခြင်း’ နှင့် ‘အရေးကြီးသောအထောက်အထားများ’ စစ်ဆေးရန်စာရင်းကို ဖြည့်သွင်းပါ။

• သင့်ရဲ့အရေးကြီးသော အထောက်အထားများ၏မိတ္တူများကို သင်ယုံကြည်သူတစ်ယောက်ထံတွင် ချန်ထားရစ်ခဲ့ပြီးသင့်ရဲ့ အထောက်အထားများ၏မိတ္တူများကို အထောက်အထားအစစ်များနှင့် သီးခြားစီခွဲ၍ ယူဆောင်သွားပါ။ သင့်ရဲ့ အထောက်အထားအစစ်များကို ၄င်းကို အခြားလူများမတွေ့နိုင်သော နေရာတွင်ဖွက်ထားပါ။

• သင့်ရဲ့ကျွမ်းကျင်သော လမ်းပြစာအုပ်ငယ်များကို ယူဆောင်သွားပါ။

• အလုပ်မရသေးခင် ခဏတာနေထိုင်ဖို့ရန်အတွက်နှင့် အိမ်အပြန်ခရီးအတွက် ပေးချေစရာပိုက်ဆံအလုံအလောက်ဖြင့် ခရီးသွားပါ။

• သင့်ရဲ့အထောက်အထားများကို အခြားသူများကိုမပေးအပ်ပါနှင့်။

• လူစိမ်းများ သို့မဟုတ် မှားယွင်းသောသူငယ်ချင်းများကို သံသယထားပါ - သူတို့သည် လူကုန်ကူးသူများဖြစ်နိုင်သည်။

## နိဂုံးချုပ်ခြင်း

ပါဝင်သူများကို မေးစရာမေးခွန်းများနှင့် သို့မဟုတ် နောက်ဆက်တွဲဖြည့်ချင်တာများကို ရေးသားရန် သို့မဟုတ် မေးမြန်းပြောကြားရန်နှင့် ၄င်းတို့ကိုဦးဆောင်သူများထံသို့ အမည်မတပ်ပဲ လက်လွှဲပေးရန်ပြောကြားပါ။ လာရောက်ကြသောလူတိုင်းကို ကျေးဇူးတင်ပါသည်။ နောက်တစ်ကြိမ်အဖွဲ့အစည်းအဝေးအချိန်ကို အတည်ပြုပါ။ ပါဝင်သူများကို ဤအခန်းကို တက်ရောက်ခြင်းအတွက် သတို့သည် နောက်ထပ်ကြယ်တစ်ပွင့် ရရှိသွားပြီးဖြစ်ကြောင်းကို ပြောကြားပါ။ ပါဝင်သူများကို သူတို့၏မိဘများကို မည်ကဲ့သို့ အန္တရာယ်ကင်းစွာ ခရီးသွားရမည့်အကြောင်းကို အကြံပေးဖို့ပြောကြားပါ။ ဦးဆောင်သူများသည် ဤအရာကို စာရွက်အပိုင်းအစပေါ်တွင် ရေးသားပြီး သူတို့မှတ်မိနေစေရန် အိမ်သို့ယူသွားဖို့ ပါဝင်သူများကို ပြောကြားနိုင်သည်။

# IS 23a: စစ်ဆေးရန်အချက်အလက် - လုံခြုံသောခရီးသွားလာခြင်း

| သင်ဆောင်ရွက်ပြီးသောအရာများကို စစ်ဆေးပါ။ | ✔ |
| --- | --- |
| စာရွက်စာတမ်းထောက်အထားဖြင့် ရွှေ့ပြောင်းသွားလာခြင်းသည် ပိုမိုအန္တရာယ်ကင်းသည်။ | |
| စစ်ဆေးရမည့် အချက်အလက်များကို ဖြည့်ပါ။ လုံခြုံသောခရီးသွားလာမှုနှင့် အရေးကြီးသောစာရွက်စာတမ်းများကို သင်မထွက်ခွာမီ စစ်ဆေးပါ။ | |
| သင်မထွက်ခွာမီ သင်ရောက်ရှိသောနိုင်ငံမှ အိမ်ကိုဖုန်းခေါ်ရန် အိမ်ဖုန်းနံပါတ်ကို အလွတ်ကျက်မှတ်ထားပါ။ ('IS 24c: အိမ်ကို မည်သို့ဖုန်းဆက်ရမည်' ကိုကြည့်ပါ။) | |
| စာရွက်စာတမ်းအထောက်အထားများ၏ မိတ္တူများကိုသင့်အိမ်တွင်သင်ယုံကြည်ရသောလူတစ်ယောက်ယောက်ထံတွင်ထားခဲ့ပါ။(အကယ်၍ သူဒုက္ခရောက်လျှင် (သို့) သင့်၏စာရွက်စာတမ်းများပျောက်သွားခဲ့လျှင်၊ မိသားစုထံတွင် အပ်ထားသော အထောက်အထားများဖြင့် သင့်မိသားစုမှ သင်စုကိုကူညီလိမ့်မည်။) | |
| စာရွက်စာတမ်းများကို မိတ္တူနှင့်မူရင်း သီးခြားစီခွဲ၍ သင်နှင့်အတူယူဆောင်သွားပါ။ | |
| အလုပ်မရမီ ခေတ္တနေထိုင်ရန်နှင့် အိမ်ပြန်ရန်အတွက် လုံလောက်သော ငွေကြေးယူဆောင်သွားပါ။ | |
| ကျွမ်းကျင်သော လမ်းပြစာအုပ်ငယ်၊စာရွက်စာတမ်းများနှင့် ငွေကိုအဝတ်အစားအကြား လုံခြုံသောနေရာတွင် သိမ်းထားပါ၊ | |

**သတိပြုရန်ချက်အလက်**

•ရွှေ့ပြောင်းသွားလာသူများနှင့် အတူတစ်ဖွဲ့တည်းခရီးသွားပါ။ (ထိုသို့သွားခြင်းဖြင့် လူအများကို တစ်ချိန်တည်းတွင် လှည့်ဖျားဖို့ရန် ခက်ခဲသည်။ တစ်ဖွဲ့တည်းရှိနေခြင်းက သင်အကူအညီတောင်းသည့် မိတ်ဆွေများရှိနေသည်ဟု ဆိုလိုသည်)။

• လူစိမ်းများကို သတိထားပါ ( လူကုန်ကူးသူများဖြစ်နိုင်သည်)။

• အကယ်၍ တစ်ဦးတစ်ယောက်က သင့်စာရွက်စာတမ်းများပေးရန် တောင်းလာပါက အခြားခရီးသွားများ သို့မဟုတ် တာဝန်ရှိသူများကို အကူအညီတောင်းပါ။

• ရထား သို့မဟုတ် ဘတ်စ်ကားမှတ်တိုင်တွင် လူစိမ်းများနောက်သို့ မလိုက်ပါနှင့်။

• ကိုယ်ပိုင်ကား သို့မဟုတ် မီနီဘတ်စ်ပေါ်တက်ရောက်ခြင်းကို ရှောင်ကျဉ်ဖို့ကြိုးစားပါ။

# IS 23b: စစ်ဆေးရန်အချက်အလက် - အရေးကြီးသောစာရွက်စာတမ်းများ

အောက်ပါ အချက်များသည် သင်ရွှေ့ပြောင်းသွားလာသောအခါတွင် သင်နှင့်အတူ အမြဲတမ်း ယူဆောင်သွားသင့်သော ဖုန်းနံပါတ်များနှင့် စာရွက်စာတမ်းများ ဖြစ်သည်။



သင်၏စာရွက်စာတမ်း တစ်ခုစီကို မိတ္တူနှစ်ခုစီကူးထားပါ။ မိတ္တူတစ်စုံကို သင်မိသားစုနှင့် ထားရှိခဲ့ပြီး အခြားတစ်စုံကို သင်နှင့်အတူယူသွားပါ။ ထိုမိတ္တူများကို သင်၏ခရီးသွားစာရွက်စာတမ်း မူရင်းနှင့် သီခြားစီခွဲ၍ **သိမ်းထားပါ။အကယ်၍ မူရင်းစာရွက်ပျောက်ဆုံးပါက** သို့မဟုတ် အခိုးခံရပါက အာဏာပိုင်များကို ပြရန် မိတ္တူများရှိနေမည်။

**အကယ်၍သင့်တွင်အောက်ပါ ဖုန်းနံပါတ်များနှင့်လိပ်စာများရှိပါက ရေးသားထားပါ။**

သင့်မိသားစု၏ဖုန်းနံပါတ် ________________

ထိုအလုပ်တွင် ယခုလက်ရှိ အလုပ်လုပ်နေသော လူတစ်ယောက်၏ဖုန်းနံပါတ် ________________

သင်သွားရောက်မည့်နေရာတွင်နေထိုင်နေသော သင်သိသည့် လူတစ်ဦး၏ဖုန်းနံပါတ် ------------------------

သင်သွားရောက်မည့်ဒေသတွင်လိုအပ်ပါက အကူအညီတောင်းခံရန် ကူညီပေးသော အဖွဲ့အစည်း (NGO)၏

ဖုန်းနံပါတ် ----------------------------

ရဲစခန်းဖုန်းနံပါတ်________________

သင်အလုပ်လုပ်မည့်နေရာ၏အမည်နှင့်လိပ်စာ________________

သင်သွားမည့်နိုင်ငံရှိသင့်နိုင်ငံ၏သံရုံး၏အမည်နှင့်လိပ်စာ။ ________________

သင်သွားမည့်နိုင်ငံရှိ World Vision ကဲ့သို့သော NGO တစ်ခု၏

အမည်နှင့်လိပ်စာ။ ________________

| စစ်ဆေးရန်အချက်အလက်များ - သင့်တွင်ရှိထားပါသလား။ | ရှိ | မရှိ |
| --- | --- | --- |
| နိုင်ငံကူးလက်မှတ် ( အကယ်၍ အခြားနိုင်ငံတစ်ခုသို့ ခရီးသွားလျှင်) | | |
| နိုင်ငံကူးလက်မှတ်မိတ္တူ (အခြားလူများကို မိတ္တူသာပေးပါ) သင်၏ နိုင်ငံကူးလက်မှတ် မူရင်း သင့် မှာရှိစေပါ။) | | |
| သင်သွားရောက်မည့်နိုင်ငံ၏ပြည်ဝင်ခွင့် (အကယ်၍အခြားနိုင်ငံတစ်ခုကိုခရီးသွားလျှင်) | | |
| ပြည်ဝင်ခွင့်မိတ္တူ။ | | |
| သင့်အလုပ်၏ စာချုပ်မိတ္တူ | | |
| ဖြစ်နိုင်လျှင် လက်ကိုင်ဖုန်းတစ်လုံး။ (များသောအားဖြင့် သင်သွားသောနိုင်ငံတွင် ဖုန်းဆင်းမ်ကဒ်အသစ်တစ်ခုကိုလွယ်ကူစွာရနိုင်သည်။) | | |
| အကယ်၍ သင့်တွင်ပြဿနာများရှိလာခဲ့ပါကသင့်အိမ်သို့ပြန်ရန်အတွက် လုံလောက်သောငွေ | | |

ပါဝင်သူများ၏အကြံဉာဏ်များကိုထပ်ဖြည့်ပါ

ဤစာရင်းပေါ်ရှိ အချက်များများ သင့်တွင်ရှိလေ သင်သည် ပိုမိုအန္တရာယ်ကင်းလေဖြစ်သည်။


STOP

# အခန်း (၂၄) သင်ရောက်ရှိသောအခါ

## ရည်ရွယ်ချက်

ပါဝင်သူများသည် သူတို့ရွှေ့ပြောင်းသွားလာသည့်နေရာကို ရောက်ရှိသောအခါ အန္တရာယ်ကင်းစွာ နေထိုင်ရန်အတွက် နည်းဗျူဟာများကို သင်ယူကြလိမ့်မည်။

## အချိန်

၇၅မိနစ်

## အထောက်အပံ့ပစ္စည်းများ

- 'IS 24a: သင်ရောက်သောအခါဘေးန္တရာယ်ကင်းရှင်းရေး' ကိုးကား
- 'IS 24b: ရွှေ့ပြောင်းသွားလာခြင်းအဆင့်ကာတွန်းများ' ၏ မိတ္တူများ (သင့်အဖွဲ့၏အရေအတွက်တဝက်ကိုလုံလောက်စေရန်၊ပါဝင်သူများသည်ဤကာတွန်းများကိုစုံတွဲများအဖြစ်အသုံးပြုကြလိမ်မည်။)
- 'IS 24c: အိမ်ကိုမည်သို့ဖုန်းဆက်ရမည်' အကိုးအကား
- ကျွမ်းကျင်သောလမ်းပြစာအုပ်ငယ်

## မိတ်ဆက်ခြင်း

## ကြိုဆိုခြင်း

ပါဝင်သူများကို အမည်တပ်၍ကြိုဆိုပါ။ လက်မှတ်ထိုးစာရွက်ကိုလက်ဆင့်ကမ်းပေးပါ။

## သွေးပူလေ့ကျင့်ခန်း

စာရင်းထဲမှ သွေးပူလုပ်ဆောင်မှုကို ဦးဆောင်ဖို့ လူငယ်ဦးဆောင်သူကို ပြောကြားပါ။

## ပြန်လည်ဆန်းစစ်ခြင်း

သင်ခရီးထွက်သောအခါ အန္တရာယ်ကင်းစေရန် သင်အသုံးပြုနိုင်သည့် နည်းဗျူဟာများအချို့ကို မှတ်မိသူတစ်ယောက်ယောက်ရှိသလား။ သင့်ရဲ့မိဘများသည် မည်သို့အန္တရာယ်ကင်းစွာ ခရီးသွားရမည့်အကြောင်း သင့်ကိုအကြံပေးခဲ့သလား။ ဤဗျူဟာများကို အသုံးပြုရန် လက်တွေ့ကျမယ်လို့ သင်ထင်ပါသလား။ ဟုတ်လျှင် အဘယ့်ကြောင့်နည်း သို့မဟုတ် မဟုတ်လျှင်လည်း အဘယ့်ကြောင့်နည်း။

## သင်ရောက်သောအခါတွင်ဘေးကင်းလုံခြုံစေရေး

ကျွမ်းကျင်သော လမ်းပြစာအုပ်ငယ်များကို ဝေငှပါ။ ပါဝင်သူများကို သူတို့၏ ကျွမ်းကျင်သော လမ်းပြစာအုပ်ငယ်များထဲမှ 'စစ်ဆေးရမည့်စာရင်း
- သင်ရောက်အခါ ဘေးကင်းလုံခြုံစေရေး' ကိုလှန်ခိုင်းလိုက်ပါ (အောက်ဖက်ရှိ 'IS 24a: သင်ရောက်သောအခါ ဘေးကင်းလုံခြုံစေရေးကိုလည်းပဲ လှန်ခိုင်းပါ။ )

ပါဝင်သူများကို အန္တရာယ်ကင်းစွာနေထိုင်ရန် နည်းလမ်းများစာရင်းကို ဖတ်ဖို့ရန်ပြောကြားပါ။

ယခုအခါသူတို့ကို 'အိမ်ကိုမည်သို့ဖုန်းဆက်ရမည်' ကိုလှန်ရန်ပြောကြားပါ (အောက်ဖက်ရှိ 'IS 24c: အိမ်ကိုမည်သို့ဖုန်းဆက်ရမည်' ထဲတွင်လည်းပါဝင်သည်)။ ပါဝင်သူများကို အညွှန်းများဖတ်ကြားရန်ပြောကြားပါ။ အဖွဲ့ကိုမေးမြန်းပါ။

- ဤညွှန်ကြားချက်များသည် သင့်ကိုနားလည်ပါစေသလား။
- သင်သည် ၄င်းတို့ကို အသုံးပြုနိုင်ပါမည်လား။ ပြုနိုင်လျှင် အဘယ့်ကြောင့် သို့မဟုတ် မပြုနိုင်လျှင် အဘယ့်ကြောင့်နည်း။
- သူတို့သည် အလုပ်အတွက်နေရာသစ်တစ်ခုကို ရောက်သောအခါ ပါဝင်သူများ အန္တရာယ်ကင်းစွာနေထိုင်နိုင်မည့် အခြားသော နည်းလမ်းများကို သင်စဉ်းစားနိုင်ပါသလား။ ဤသည်များကို သင်သည်အဖွဲ့နှင့် မျှဝေနိုင်ပါသလား။

## ရွှေ့ပြောင်းသွားလာခြင်းအဆင့်ကာတွန်းများ

'IS 24b: ရွှေ့ပြောင်းသွားလာခြင်းအဆင့် ကာတွန်းများ'ကို ဝေငှပါ။ ဤရုပ်ပုံများသည် အလုပ်ရှာရန် မြို့ကြီးတစ်မြို့သို့ ခရီးထွက်ခဲ့သော လူငယ်တစ်ယောက်၏ ဇာတ်လမ်းကို ပြောပြနေကြကြောင်းရှင်းပြပါ။ ပါဝင်သူများကို အဖွဲ့ ၂ - ၃ ဖွဲ့ခွဲဖို့ ပြောကြားပါ။ ထို့နောက်ဇာတ်လမ်းကို သေချာဖတ်ပြီး စကားပြောနေရာများတွင် သူမ၏ဘေးကင်းလုံခြုံမှု ပိုမြင့်မားလာစေရန် အဆင့်တစ်ခုစီ၌ သူမလုပ်ဆောင်နိုင်မည့် တစ်စုံတစ်ခု၏ ဥပမာတစ်ခုကိုရေးသားပါ။

## ဉာဏ်စမ်း

စာမျက်နှာ ၁၂၊ သင်ရိုးညွှန်းတမ်းအစရှိ သွေးပူလုပ်ဆောင်ချက်များမှ မှတ်ဉာဏ်ဘောလုံးကစားနည်းကို ကစားပါ။

## နေ့စဉ်မှတ်တမ်း

ပါဝင်သူများကို သူတို့၏နေ့စဉ်မှတ်တမ်းများတွင် ရေးသားရန် သို့မဟုတ် ရေးဆွဲရန် ပြောကြားပါ။

## အခန်းအကျဉ်းချုပ်

- သင့်ရဲ့မိသားစုကို အကြိမ်ကြိမ်ဖုန်းခေါ်ပြီး သင့်ရဲ့ဘဝအကြောင်း အသေးစိတ်များကို သူတို့ကိုပြောပြနိုင်ပါသလား။
- သင်အလုပ်လုပ်ရမည့်နေရာကို သွားရောက်လည်ပတ်ပါ။ အလုပ်အခြေအနေကောင်းပါက ဆုံးဖြတ်ချက်ချပါ။
- သင့်ကဲ့သို့ တူညီသောအခြေအနေတစ်ခုရှိ သူငယ်ချင်းများနှင့် ကွန်ယက်တည်ဆောက်ပါ။ သို့သော် လူအများအပြားသည် သင်သိသောလူတွေမှ လူကုန်ကူးခြင်းကို ခံနေကြရကြောင်း သတိရပါ။
- ရဲစခန်းနေရာ၊ ဘတ်စ်ကားမှတ်တိုင်နှင့် အခြားသောဒေသခံ NGO သို့မဟုတ် ရွှေ့ပြောင်းသွားလာသူများကို အထောက်အပံ့ပေးသည့် စင်တာများကို လေ့လာထားပါ။
- အိမ်ကို ဘယ်တော့မှစာအိတ်ထဲထည့်ပြီး ပိုက်ဆံမပို့ပါနှင့် အဘယ့်ကြောင့်ဆိုသော် ၎င်းသည် အခိုးခံရနိုင်သည်။

## နိဂုံးချုပ်ခြင်း

ပါဝင်သူများကို မေးစရာမေးခွန်းများနှင့်/ သို့မဟုတ် နောက်ဆက်တွဲဖြည့်ချင်တာများကို ရေးသားရန် သို့မဟုတ် မေးမြန်းပြောကြားရန်နှင့် ၎င်းတို့ကို ဦးဆောင်သူများထံသို့ အမည်မတပ်ပဲ လက်လွှဲပေးရန်ပြောကြားပါ။

လာရောက်ကြသောလူတိုင်းကို ကျေးဇူးတင်ပါသည်။ နောက်တစ်ကြိမ်အဖွဲ့အစည်းအဝေးအချိန်ကို အတည်ပြုပါ။ ပါဝင်သူများကို ဤအခန်းကိုတက်ရောက်ခြင်းအတွက် သူတို့သည် နောက်ထပ်ကြယ်တစ်ပွင့် ရရှိသွားပြီးဖြစ်ကြောင်းကို ပြောကြားပါ။

ပါဝင်သူများကို လူမှုအသိုင်းအဝိုင်းထဲတွင် သူတို့၏မိဘများ၊ အုပ်ထိန်းသူများ သို့မဟုတ် သူငယ်ချင်းများကို မေးမြန်းဖို့ပြောကြားပါ။

- ရွှေ့ပြောင်းသွားလာပြီးနောက် တစ်စုံတစ်ယောက်သည် မည်ကဲ့သို့ လုံခြုံစိတ်ချစွာ နေထိုင်နိုင်မည့်အကြောင်းကို သင့်တွင် တိုက်တွန်းချက်များ ရှိပါသလား။
- သင်သည် ရွှေ့ပြောင်းသွားလာဖူးသောလူများကို သိသလား။
- သူတို့သည် သူတို့၏ အိမ်ရှိသောရွာကို အဆက်အသွယ်ရှိသေးလား။

ဦးဆောင်သူများသည် ဤအရာကို စာရွက်အပိုင်းအစပေါ်တွင် ရေးသားပြီး သူတို့မှတ်မိနေစေရန် အိမ်သို့ယူသွားဖို့ ပါဝင်သူများကို ပြောကြားနိုင်သည်။ နောက်တစ်ပတ်တွင် အကယ်၍ သင်သည် လူကုန်ကူးခံရပါက မည်ကဲ့သို့ပြုလုပ်ရမည်ဆိုသည့် ခက်ခဲသော အကြောင်းအရာအကြောင်းကို ပြောကြားလိမ့်မည်ဆိုတာကို ရှင်းပြပါ။

# IS 24a - သင်ရောက်ရှိသောနေရာ၏ဘေးကင်းလုံခြုံမှု

| | |
|---|---|
| သင်ရောက်ရှိသောအခါသင်လုပ်သင့်သည့်အရာများ | |
| သင်ရောက်ရောက်ခြင်း မြို့၏အမည်နှင့် သင်နေထိုင်ရာပတ်ဝန်းကျင်အမည်များကို မေးမြန်းပါ။ သင်နေထိုင်ရာ နေရာကို မည်ကဲ့သို့ ရှင်းပြရမည် ဆိုတာကို သင်ယူပါ။ (ထိုသို့သင်သည် ဒုက္ခတွေ့ခဲ့ပါက သင်ဘယ်နေရာမှာဆိုတာကို သင့်ကို ကူညီရှင်းပြ လိမ့်မည်။) | |
| သင်ရောက်ရောက်ချင်း သင့်မိသားထံဆီဖုန်းခေါ်ပါ (ကျွမ်းကျင်သော လမ်းပြစာအုပ်ငယ်က သင့်အိမ်ကိုမည်ကဲ့သို့ ဖုန်းခေါ်ရမည်ကို ရှင်းပြထားသည်)။သင့်မိသားစုကို သင်ဘယ်နေရာတွင် နေထိုင်သည်ကို ရှင်းပြပြီး ဖြစ်နိုင်ပါကသင့်ကို ဆက်သွယ်နိုင်သော သင်၏သူငယ်ချင်းတစ်ဦး၏ ဖုန်းနံပါတ်ကိုပေးထားပါ။ | |
| သင့်၏မိဘများထံ ပုံမှန်ဖုန်းဆက်ပါ။ မိဘများနှင့် တစ်ပတ်တစ်ကြိမ် သတ်မှတ်ထားသောနေ့နှင့် အချိန်တွင် သူတို့ကိုဖုန်းခေါ်ရန် အစီအစဉ်တစ်ခုပြုလုပ်ထားခြင်းသည် ကောင်းသောအစီအစဉ်ဖြစ်သည်။ ဤသို့လုပ်ခြင်းက အကယ်၍သင်ဖုန်းမခေါ်ခဲ့ပါက သူတို့သည် သင့်မှာအန္တရာယ်ရှိနေပြီဖြစ်ကြောင်း သိလိမ့်မည်ဖြစ်သည်။ သင့်တွင်ပြဿနာတစ်ခုခုရှိခဲ့ ပါက ၎င်းတို့ကိုပြောပြပါ။ သင့်၏မိဘများကို သင့်ရဲ့ပြဿနာများအကြောင်း ပြောပြပါ။ | |
| သင်အလုပ်လုပ်မည့်နေရာကို သွားရောက်လေ့လာပါ။ အလုပ်အခြေအနေ ကောင်းပါက ဆုံးဖြတ်ချက်ချလိုက်ပါ။ | |
| သင်နှင့်အတူခရီးထွက်လာသော ရွှေ့ပြောင်းသွားလာသူများကို အဆက်သွယ်မပြတ် ပါစေနှင့်။ သင်ကဲ့သို့ တူညီသောအခြေအနေရှိသော သူငယ်ချင်းများနှင့် ဆက်သွယ်မှု ကွန်ယက်တစ်ခု တည်ဆောက်ထားပါ။ သို့သော် လူအများစုသည် မိမိနှင့်သိကျွမ်းသောလူများ၏ ရောင်းစားခြင်းခံရကြောင်းကို သတိပြုပါ။ | |
| သင့်ပတ်ဝန်းကျင်အသစ်ကို လေ့လာပြီး မည့်သည့်နေရာတွင် ရဲစခန်း ဘတ်စ်ကားမှတ်တိုင်ရှိသည်ဆိုတာကို လေ့လာထားပါ။ | |
| ရွှေ့ပြောင်းသွားလာသူများအတွက် ဝန်ဆောင်မှု ကူညီမှုများ ပေးသောနေရာများ ရွှေ့ပြောင်းသွားလာသူများတွေ့ဆုံကြသော နေရာတစ်ခုရှိသလား စုံစမ်းမေးမြန်းထားပြီး ရှိခဲ့ပါက ထိုနေရာများကို သွားရောက်လေ့လာပါ။ | |
| အကယ်၍သင်သည် ငွေကို အိမ်သို့ပို့ပေးရန် ဆန္ဒရှိပါက စိတ်ချရသောနည်းလမ်းတစ်ခုကို သူငယ်ချင်းများကို မေးမြန်းပါ။ ငွေကို စာအိတ်ထဲထည့်၍ မည်သည့်အခါမျှမပို့ပါနှင့် အခိုးခံရနိုင်သည်။ | |

# IS 24b: ရွှေ့ပြောင်းသွားလာသူများအဆင့်ကာတွန်းများ

အဆင့်တိုင်းတွင်ကာတွန်း၏အောက်တွင်မေးခွန်းကိုရေးထားပြီးဖတ်ဆောင် စုစုတွင် စာသားမပါသော စကားပြောသည့်နေရာ တစ်ခုရှိပြီး ၄င်းသည် ပါဝင်သူများအတွက် သူတို့၏ထင်မြင်ချက်ကို ရေးသားရန်လုံလောက်အောင်ကြီးမားသည်။


## စကားပြောနေရာများ၏ဥပမာများ




**ပုံ၁ :** စုစုရွှေ့ပြောင်းသွားလာသူ
စကားပြောနေရာတစ်ခု၏ ဥပမာ 'ငါ့ရဲ့အထောက်အထားများကို လုံခြုံတဲ့နေရာမှာ ငါသိမ်းထားပြီး လူစိမ်းတွေကို ငါစကားမပြောဘူး။'



**ပုံ၂:** စုစုသည် ဘတ်စ်ကားမှတ်တိုင်တွင် ရှိနေသည်။ မိန်းမတစ်ယောက်သည် သူမအနားကို ချဉ်းကပ်လာသည်။ စုစုသည် သူမကိုလစ်လျူရှုထားပြီး သူမ၏သူငယ်ချင်းနှင့် တွေ့ဆုံရန် ဒေသတွင်းဘတ်စ်ကား တစ်စီးကိုစီးသည်။ စကားပြောနေရာတစ်ခု၏ ဥပမာ 'ရပါတယ်၊ ကျေးဇူးတင်ပါတယ်။ ကျွန်မသူငယ်ချင်း တစ်ယောက်နဲ့တွေ့ဖို့ အစီအစဉ်ဆွဲထားပြီးပါပြီ။'



**ပုံ၃:** စုစုသည် စက်ရုံကိုရောက်ရှိခဲ့ပြီး အလုပ်လုပ်နေသောလူများကို လှည့်ပတ်ကြည့်သည်။ စကားပြောနေရာတစ်ခု၏ ဥပမာ 'ငါအလုပ်မလုပ်ခင်၊ ငါဘယ်မှာအလုပ်လုပ်ရမယ်ဆိုတာကို စစ်ဆေးကြည့်ချင်တယ်။ ဘယ်သူမှ ငါ့ကိုအကျိုးအမြတ်ရယူလို့ မရစေဖို့ လစဉ်လတိုင်း လစာပုံမှန်ရဖို့ သေချာစေရန်ငါရဲ့စာချုပ်ကိုလက်မှတ်ရေးထိုးရာမှာ သေချာအောင်ပြုလုပ်ရမယ်။'




**ပုံ၄:** စုစုသည် သူမရဲ့ရပ်ကွက်နှင့် ရဲစခန်းများကို လှည့်ပတ်သွားလာခဲ့သည်။ စကားပြောနေရာ တစ်ခု၏ဥပမာ 'ငါရပ်ကွက်အတွင်း အရေးကြီးတဲ့နေရာရာများအားလုံးကို တွေ့ခဲ့ပြီး အရေးပေါ် အခြေအနေတစ်ခုမှာ သူတို့ကို မည်ကဲ့သို့ ဆက်သွယ်ရမည်ဆိုတာကို ငါသိတယ်။'



**ပုံ၅:** စုစုသည် ရွှေ့ပြောင်းသွားလာသူများအတွက် လူထုအသိုက်အဝန်းစင်တာတစ်ခုတွင် သူငယ်ချင်းများနှင့် မိတ်ဖွဲ့နေသည်။ စကားပြောနေရာတစ်ခု၏ ဥပမာ 'အခြားသော ရွှေ့ပြောင်းသွားလာသူများသည် ဘယ်နေရာမှဆိုတာကို ငါလေ့လာပြီးသူတို့နဲ့စကားပြောမယ်။'



**ပုံ၆:** စုစုသည် သူမဘယ်ရောက်နေသည်ဆိုတာကို ပြောကြားဖို့ အိမ်ကိုဖုန်းခေါ်နေသည်။ စကားပြောနေရာတစ်ခု၏ ဥပမာ 'ငါ့မိသားစုက ငါဘယ်မှာဆိုတာကို သိဖို့နှင့် သူတို့ကို ပုံမှန်ဖုန်း ပြောခြင်းဖြင့် ငါအန္တရာယ်ကင်းတယ်ဆိုတာကို ငါသေသေချာချာပြုလုပ်ရမယ်။'



၁။ စုစုသည်ဘတ်စ်ကားပေါ်တွင်အန္တရာယ်ကင်းစေရန်မည်သည်ကိုပြုလုပ်သနည်း။




၂။ စုစုသည်ဘတ်စ်ကားမှတ်တိုင်တွင်အန္တရာယ်ကင်းစေရန်မည်သည်ကိုပြုလုပ်သနည်း။



၃။ စုစုသည်သူမ၏အလုပ်သစ်တွင်အန္တရာယ်ကင်းစေရန်မည်သည်ကိုပြုလုပ်သနည်း။




၄။ S သည်သူမရဲ့ရပ်ကွက်အသစ်တွင်အန္တရာယ်ကင်းစေရန်မည်သည်ကိုပြုလုပ်သနည်း။




၅။ S သည်မည်ကဲ့သို့သူငယ်ချင်းများနှင့်ဖွဲ့သနည်း။



၆။ စုစုသည်သူမကိုယ်သူမမည်ကဲ့သို့ကာကွယ်နေသနည်း။

# IS 24c - အိမ်ကိုမည်သို့ဖုန်းဆက်ရမည်နည်း

သင့်တွင်ဖုန်းတစ်လုံးရှိပါက၊ သင်ရွှေ့ပြောင်းသွားလာသောအခါ ၎င်းကို သင်နှင့်အတူယူဆောင်သွားသင့်သည်။ သို့သော် သင့်နိုင်ငံ၏ဆင်းမ်ကဒ်သည် အခြားနိုင်ငံတစ်ခုတွင် အသုံးပြု၍ရမည် မဟုတ်ပေ။ သင်သည် နိုင်ငံသစ်တစ်ခုကို ရောက်ရှိ သွားသောအခါ ကြိုတင်ငွေပေးရသော ဆင်းမ်ကဒ်တစ်ခုကိုဝယ်ယူနိုင်သည်။

အကယ်၍ သင့်တွင်ဖုန်းမရှိခဲ့ပါက၊ ထိုင်း သို့မဟုတ် မလေးရှား ကဲ့သို့စီးဆုံး ဆိုက်ရောက်နိုင်ငံများတွင် ငွေပေး၍ ဖုန်းခေါ်ဆိုနိုင်သော အင်တာနက်ဆိုင်များရှိကြသည်။

**သင့်နိုင်ငံကိုဖုန်းဆက်ရန်အောက်ပါတို့ကိုဆောင်ရွက်ပါ။**

ဖုန်းခေါ်ဆိုပါ - ၀၀၁ ကို နှိပ်ပါ။
ထို့နောက် - သင့်နိုင်ငံရဲ့ကုဒ်နံပါတ်ကို နှိပ်ပါ။
ထို့နောက် - သင့်နိုင်ငံမှ ခေါ်လိုသောဖုန်းနံပါတ်၏ ပထမဆုံး သုံည ကို ဖြုတ်ပြီး နှိပ်ပါ။

၀၀၁ + နိုင်ငံကုဒ် + (သုညမပါ) + ဖုန်းနံပါတ်

ဤအရာများမှာ နိုင်ငံအသီးသီး၏ ကုဒ်နံပါတ်များဖြစ်သည်။

| | |
|---|---|
| ကမ္ဘောဒီးယား၊ ၈၅၅ | တရုတ်၊ ၈၆ |
| လာအို၊ ၈၅၆ | ဗီယက်နမ်၊ ၈၄ |
| ထိုင်း၊ ၆၆ | မြန်မာ၊ ၉၅ |

(World Vision ဒေသခံဝန်ထမ်းသည် နိုင်ငံအားလုံး၏ ကုဒ်နံပါတ်များကို ကျေးဇူးပြု၍ မှတ်သားထားပါ သို့သော် သင့်နိုင်ငံနှင့် သက်ဆိုင်သည့် ကုဒ်နံပါတ်ကို အမှတ်အသားလုပ်ထားပါ။)

ဥပမာအားဖြင့်၊ မြန်မာနိုင်ငံမှ သင့်၏ ဖုန်းနံပါတ်သည် ၀၉၄၂၁၁၃၇၉၃၄၃ ဖြစ်သည်။
ထို့နောက် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ဖုန်းခေါ်လျှင် သင်သည် ၀၀၁၉၅၉၄၂၁၁၃၇၉၃၄၃ သို့ခေါ် ဆိုရမည်။

ဥပမာအားဖြင့်၊ သင့်ရဲ့ကမ္ဘောဒီးယားရှိ ဖုန်းနံပါတ်မှာ ၀၁၂၈၂၀၅၄၄ ဖြစ်သည်။

ထို့နောက်သင်သည် ထိုင်းနိုင်ငံမှ အိမ်ကိုဖုန်းခေါ်သောလျှင် ၀၀၁၈၅၅၁၂၈၂၀၅၄၄ ဟုခေါ် ဆိုရမည်။

ဥပမာအားဖြင့်၊ ဗီယက်နမ်နိုင်ငံမှ သင့်ရဲ့ဖုန်းနံပါတ်သည် ၀၁၈၄၄၂၂၁၁ ဖြစ်သည်။

ထို့နောက် ထိုင်းနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ သင်ဖုန်းခေါ် ဆိုသောအခါ သင်သည် ၀၀၁၈၄၁၈၄၄၂၂၁၁ သို့ခေါ် ဆိုရမည်။

# အခန်း (၂၅) သင်လူကုန်ကူးခံရပါကဘာလုပ်ရမည်နည်း

## ရည်ရွယ်ချက်

ပါဝင်သူများသည် ရွှေ့ပြောင်းသူများကို အထောက်အကူပြုသည့် အထောက်အပံ့ဝန်ဆောင်မှုများအကြောင်းကို လေ့လာကြရမည်ဖြစ်ပြီး လူကုန်ကူးခံရသူများ၏ ရွေးချယ်ခွင့်များကို စဉ်းစားဆင်ခြင်ကြလိမ့်မည်ဖြစ်သည်။

## အချိန်

၇၅မိနစ်

## အထောက်အပံ့ပစ္စည်းများ

- 'IS 25a: ခက်ခဲသောအခြေအနေများ' ၏မိတ္တူများ ( ပါဝင်သူများသည် ၎င်းတို့ကို လူ ၄ - ၅ ယောက် ပါသောအဖွဲ့များတွင် အသုံးပြုကြလိမ့်မည်။)
- 'IS 25b: သင်လူကုန်ကူးခံရပါကဘာလုပ်ရမည်နည်း' နှင့် 'IS 25c: အရေးပေါ်ဖုန်းနံပါတ်များ' အကိုးအကား
- ကျွမ်းကျင်သောလမ်းပြစာအုပ်ငယ်

## မိတ်ဆက်ခြင်း

## ကြိုဆိုခြင်း

ပါဝင်သူများကို အပြည့်တပ်၍ကြိုဆိုပါ။ လက်မှတ်ထိုးစာရွက်ကို လက်ဆင့်ကမ်းပေးပါ။

## သွေးပူလေ့ကျင့်ခန်း

စာရင်းထဲမှသွေးပူ လေ့ကျင့်ခန်းလုပ်ဆောင်မှုကိုဦးဆောင်ဖို့လူငယ်ဦးဆောင်သူကိုပြောကြားပါ။

## ပြန်လည်ဆန်းစစ်ခြင်း

သင်ရွှေ့ပြောင်းသွားလာပါက မည်ကဲ့သို့ အန္တရာယ်ကင်းစွာ နေထိုင်ရမည်ဆိုတာကို သင့်ရဲ့မိဘများဆီမှ အကြံဉာဏ်ရခဲ့သူ တစ်စုံတစ်ယောက်များရှိပါသလား။ ၎င်းမှာမည်သည်တို့ဖြစ်သနည်း။

၎င်းတို့ ရွှေ့ပြောင်းသွားလာပြီးနောက် သူတို့၏ မိသားစုနှင့် အဆက်အသွယ်ရှိနေသေးသည့် သူတို့သိသည့်လူများကို ရှာဖွေတွေ့ရှိခဲ့ပါသလား။

## လူကုန်ကူးသူထိန်းချုပ်ခြင်း

ဤအခန်းသည် သူတို့လူကုန်ကူးခြင်းခံရပါက ဘာလုပ်ရမည်ဆိုသည့်အကြောင်းဖြစ်သည်ကို ရှင်းပြပါ။ ဤအရာသည် ပြောကြားဖို့ရန်ခက်ခဲသည့် အကြောင်းအရာတစ်ခုဖြစ်သည် အဘယ့်ကြောင့်ဆိုသော် လွယ်ကူသောအဖြေများ မရှိသောကြောင့်ဖြစ်သည်။ လူကုန်ကူးသူများသည် လူတို့ကို လွတ်မြောက်မသွားပဲ သို့မဟုတ် အခြားလူများကို အကူအညီတောင်းရန် မဆက်သွယ်နိုင်ပဲ သူတို့အတွက် အလုပ်လုပ်စေရန် သေချာစေဖို့ ခက်ခက်ခဲခဲကြိုးစားကြသည် ဆိုတာကိုရှင်းပြပါ။ သူတို့ရဲ့ သားကောင်များကို လူကုန်ကူးသူများက ထိန်းချုပ်သည့် နည်းလမ်းများကိုစဉ်းစားရန် အဖွဲ့ကိုပြောကြားပါ။

ဤသည်တို့တွင်အောက်ပါတို့ပါဝင်နိုင်သည်:

- ဒုက္ခသည်ကိုခြိမ်းခြောက်ခြင်း
- ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း
- ဒုက္ခသည်၏မိသားစုကိုခြိမ်းခြောက်ခြင်း
- ဒုက္ခသည်ကိုသီးခြားခွဲထားခြင်း

- သူ သို့မဟုတ် သူမသည် အလုပ်ကြာရှည်စွာပြုလုပ်ရန် ဒုက္ခသည်ကိုငွေချေးခြင်း
- ဒုက္ခသည်ကို ဆေးသုံးစွဲခိုင်းခြင်း
- ပြည်ဝင်ခွင့်အတွက် ဒုက္ခသည်ကို ရဲလက်အပ်မည်ဟု ခြိမ်းခြောက်ခြင်း
- အလုပ်လုပ်သည့်နေရာတွင် ဒုက္ခသည်ကို သော့ခတ်ထားခြင်း

## ခက်ခဲသောအခြေအနေများ

လူကုန်ကူးသူများထံမှ လွတ်မြောက်ဖို့သည် အလွန်ခက်ခဲပြီး အန္တရာယ်ကြီးကြောင်း ပါဝင်သူများကို ပြောကြားပါ။ ပါဝင်သူများကို လူ ၄-၅ ယောက်ပါသောအဖွဲ့များအဖြစ်ခွဲရန် ပြောကြားပြီး အဖွဲ့တစ်ခုစီကို 'IS 25a: ခက်ခဲသောအခြေအနေများ'ကို ပေးအပ်ပါ။ အဖွဲ့တစ်ခုစီကို မတူညီသော အကြပ်ရိုက်ခြင်းတစ်ခု ရွေးချယ်ရန်နှင့် လူကုန်ကူးခံရသော ဒုက္ခသည်သည် ထိုကိစ္စတွင် မည်သို့ပြုလုပ်သင့်သည်ဟု သူတို့ထင်သည်များကို စဉ်းစားရန်ပြောကြားပါ။

## အထောက်အပံ့ဝန်ဆောင်မှုများ

ပါဝင်သူများအား ၎င်းတို့၏ ကျွမ်းကျင်သောလမ်းပြစာအုပ်ငယ်များကို ထုတ်ခိုင်းပြီး 'အရေးပေါ်တယ်လီဖုန်းနံပါတ်များ' အား ကြည့်ခိုင်းပါ။ ရွှေ့ပြောင်းသူများသည် များသောအားဖြင့် အခြားနိုင်ငံများတွင် အလုပ်သွားလုပ်သူများဖြစ်ကြောင်းနှင့်၊ စာရင်းတွင် နိုင်ငံများစွာ၏ အရေးပေါ်အကူအညီတောင်းနိုင်သော ဖုန်းနံပါတ်များ စာရင်းပါဝင်ကြောင်း ရှင်းပြပါ။ ပြောင်းရွှေ့သူများသည် ၎င်းတို့မိခင်နိုင်ငံ၏ အရေးပေါ်အကူအညီတောင်းခံနိုင်သော ဖုန်းနံပါတ်များနှင့် ၎င်းတို့မိသားစုများ (သို့) သူငယ်ချင်းများ၏ ဖုန်းနံပါတ်များအား အလွတ်မှတ်ထားသင့်ကြောင်း ရှင်းပြပါ။ ဆိုလိုသည်မှာ ၎င်းနံပါတ်များပျောက်သွားသော်လည်း သူတို့သည် အရေးပေါ် ခေါ်ဆိုနေနိုင်ဦးမည်ဖြစ်သည်။

ပြီးနောက်၊ ပါဝင်သူများအား ပြည်တွင်းအရေးပေါ်နံပါတ်များအား အလွတ်မှတ်ထားနိုင်ရန် ကူညီပါ။ ဦးဆောင်သူသည် နံပါတ်အား ကဗျာရွတ်သကဲ့သို့ (သို့) သီချင်းဆိုသကဲ့သို့ ရွတ်ပြရမည်၊ ပြီးလျှင်ပါဝင်သူများအား ရွတ်ဆိုခြင်း (သို့) သီဆိုခြင်းအား ဦးဆောင်သူကဲ့သို့ တူညီစွာ လိုက်ဆိုခိုင်းရမည်။ ၎င်းအားရိုးရှင်းသော သံစဉ်ဖြင့် သီချင်းအဖြစ်ပြုလုပ်ရမည်။ ဥပမာ၊

ဦးဆောင်သူ- 'ရဲများအားခေါ်ဆိုရန်အတွက် – ၁–၁–၉–၁

ပါဝင်သူများ - 'ရဲများအားခေါ်ဆိုရန်အတွက် – ၁–၁–၉–၁

ပါဝင်သူများအား နံပါတ်မှတ်မိသည်အထိ ထပ်ခါထပ်ခါပြောခိုင်းပါ။
သင်လူကုန်ကူးခံရပါက မည်သည့်အရာများကို လုပ်မည်နည်း

**မေးရန်: 'သင်လူကုန်ကူးခံရပါကဘာလုပ်မလဲ။'**
ပါဝင်သူများအား ၎င်းတို့၏ကျွမ်းကျင်သောလမ်းပြစာအုပ်ငယ်မှ'သင်လူကုန်ကူးခံရပါက မည်ကဲ့သို့ပြုလုပ်ရမည်' (ထို့အတူ 'IS 25b: သင်လူကုန်ကူးခံရပါက မည်ကဲ့သို့ပြုလုပ်ရမည်'အောက်မှ) သို့လှန်ခိုင်းလိုက်ပါ။ စေတနာ့ဝန်ထမ်းတစ်ယောက်အား အသံထွက်ဖတ်ပြရန် ပြောကြားပါ။

ဤစာမျက်နှာတွင် အကြံပြုချက်များ ကမ်းလှမ်းခြင်းဖြစ်သည်၊ သို့သော် ဤလှုပ်ရှားမှုများသည် ၎င်းတို့ လူကုန်ကူးခြင်းခံရပါက ၎င်းတို့ကို ကူညီရန်အတွက် လုံလောက်သောအကူအညီ ဖြစ်နိုင်မည်မဟုတ်ပါ။ လူကုန်ကူးသူများသည် အန္တရာယ်ရှိသော ပြစ်မှုကျူးလွန်သူများဖြစ်သည်။ ပထမဆုံးနေရာတွင်ပင်၊ ၎င်းတို့ လူကုန်ကူးခြင်းမပြုလုပ်နိုင်အောင် ဂရုစိုက်ခြင်းသည် အလွန့်အလွန် ကောင်းမွန် ပါသည်။

တစ်စုံတစ်ယောက်သည် လူကုန်ကူးခံရခြင်း (သို့) ခေါင်းပုံဖြတ်ခံရခြင်းမှ လွတ်မြောက်လာသူနှင့် တွေ့ဆုံဖူးသူ ရှိပါသလားဟု မေးမြန်းပါ။ အကယ်၍ ရှိသည်ဆိုပါက၊ ထိုသူမည်ကဲ့သို့လွတ်မြောက်လာကြောင်း ပြောပြခိုင်းပါ။

## အလှည့်ကျသရုပ်ဆောင်ကစားခြင်း

ပါဝင်သူများအား လူ ၄(သို့) ၅ဦးပါဝင်သောအဖွဲ့များအဖြစ်ခွဲခိုင်းပါ။ 'IS 25a: ခက်ခဲသောအခြေအနေများ' မှ မတူညီသော အခြေအနေများအား အဖွဲ့တစ်ခုစီသို့ ခွေးချယ်ခိုင်းပြီး ထိုအခြေအနေများအကြောင်း အလှည့်ကျ သရုပ်ဆောင်ကစားရန် ပြင်ဆင်ခိုင်းပါ။ အဖွဲ့များအား အလှည့်ကျကစားမှုပြုလုပ်ရန် အချိန် ၅ မိနစ် ရကြောင်း ပြောကြားပါ။ ပြီးလျှင် တစ်ယောက်ပြီးတစ်ယောက် သရုပ်ပြရန်ပြောကြားပါ။

## အခန်းအနှစ်ချုပ်

- သင်မိခင်နိုင်ငံနှင့် ဦးတည်သည့်၏နိုင်ငံအရေးပေါ် ဖုန်းနံပါတ်များအား သင်ယူနိုင်ရန်။
- အကယ်၍သင်လူကုန်ကူးခံရပါက

– သင်ရောက်ရှိနေသောနေရာအား နေရာအမည်များ၊ အဝေပြေးနံပါတ်များ၊ မြို့အမည်များ၊ ထင်ရှားသော အဆောက်အအုံများ အား ကြည့်ရှုခြင်းဖြင့် သိရှိအောင်ကြိုးစားပါ။ ဆိုလိုသည်မှာ သင်ဖုန်းဆက်သွယ်၍ရပါက၊ လူများအား သင့်ကိုမည်ကဲ့သို့ ရှာဖွေရမည်ကို ပြောဆိုနိုင်မည်ဖြစ်သည်။

– သင့်ထိန်းချုပ်ထားခံရသော စက်ရုံ၊ စာသောက်ဆိုင်း (သို့) ပြည့်တန်ဆာအိမ်အမည်ကို သိရှိအောင်ကြိုးစားပါ။

– သင်မလှုပ်ရှားမီ အစီအစဉ်ပြုလုပ်ပါ။

– အလုပ်ရှင်မှသင်အား တစ်နှစ်အပြည့်အလုပ်မလုပ်မီ သင့်အား လုပ်ခမပေးရှေ့ဟုပြောဆိုလာသော အလုပ်တွင်မနေပါနှင့်။

– သင်လက်စွဲစာအုပ်အတွင်းမှ အရေးပေါ်ဖုန်းနံပါတ်များအားခေါ် ဆိုပါ။

- အမှန်မှာ၊ လူကုန်ကူးသူများထံမှ လွတ်မြောက်ရန်မှာ အလွန်ခက်ခဲပါသည်။ အရေးအကြီးဆုံးအချက်မှာ ပထမဆုံးနေရာတွင်ပင် လူကုန်ကူးခြင်းမခံရစေရန် အလွန်ဂရုစိုက်ခြင်းဖြင့် ရှောင်ရှားရန်ကြိုးစားခြင်းပင်ဖြစ်သည်။

## နိဂုံးချုပ်ခြင်း

ပါဝင်သူများသည် မေးခွန်းများမေးခြင်းနှင့် (သို့) တုန့်ပြန်မှုများပေးခြင်းကို ရေးသားရန် တောင်းဆိုမည်ဖြစ်ပြီး ၎င်းတို့ကို ဦးဆောင်သူများအား အမည်လှို့ဝှက်ပြီးပေးရန် ပြောကြားပါ။

လာရောက်သူအားလုံးကို ကျေးဇူးတင်ပါသည်။ ဤအခန်းအား တက်ရောက်ခြင်းအတွက် ကြယ်တစ်လုံးထပ်မံရရှိကြောင်း ၎င်းတို့ကို ပြောကြားပါ။ ပါဝင်သူများအား ၎င်းတို့မိခင်နိုင်ငံနှင့် ဦးတည်သည့်နိုင်ငံ၏ အရေးပေါ်ဖုန်းနံပါတ်များကို လေ့လာရန် ပြောကြားပါ။



1 ဘိုဘိုသည် ငါးဖမ်းလှေပေါ်မှအလုပ်ကိုလုပ်ခဲ့သည်လှေသည်ဆိပ်ကမ်းမှထွက်ထွက်ခြင်းပင်၊ ဘိုဘိုသည်သူကြီးမားသောအမှားတစ်ခုပြုလုပ်လိုက်ပြီဖြစ်ကြောင်းသိရှိလိုက်သည်။ လှေသူကြီးသည်၎င်းတို့ကိုတစ်ရက်လျှင်နာရီ၂၀အလုပ်လုပ်ခိုင်းပြီးသူစိတ်ဆိုးလာသောအခါ၎င်းတို့ကိုရိုက်နက်သည်။ ဘိုဘို၏လုပ်ဖော်ကိုင်ဖက်တစ်ယောက်ဖျားသောအခါ၊လှေသူကြီးသည်ထိုသူအားလှေပေါ်မှရေနစ်သေစေရန်ပစ်ချလိုက်သည်။ လှေမှာ၂လခန့်ပင်လယ်ထဲတွင် ရှိနေဦးမည်ဖြစ်သည်၊ထို့ပြင် ဘိုဘိုသည်မည်သည့်လစာမျှမရရှိပါ။ သူသည်တစ်ညတွင်ကမ်းခြေသို့ရေကူးပြီးလွတ်မြောက်သွားသည်၊သူသည်သူလုပ်ခဲ့သောအလုပ်အတွက်တစ်ပြားမျှပင်ရရှိခဲ့ခြင်းမရှိပါ။ ဘိုဘို ဘာလုပ်သင့်ပါလဲ။



1 မောင်မောင်သည်၉နှစ်အရွယ်ယောကျ်ားလေးဖြစ်ပြီးငယ်ရွယ်စဉ်ကမီးထဲတွင် ဆိုရှားစွာမီးလောင်ကျွမ်းခဲ့ဖူးပြီးသူမျက်နှာမှာအမာရွတ်ကြီးရှိနေသည်။ သူ့မိဘများသည်နိုင်ငံခြားသားများလာရောက်သောမြို့တွင်တောင်းစားရန်စေလွှတ်ခဲ့သည်။သူ့နောက်ကွယ်တွင်သူ့အားလမ်းပေါ်တွင်ထွက်၍မနက်ပိုင်းတွင်တောင်းစားရန်ပို့ပြီးညပိုင်းတွင်ပြန်လည်ခေါ်ယူသွားသောထိန်းချုပ်နေသည့်လူတစ်ယောက်ရှိသည်။ မောင်မောင် ရရှိလာသောပိုက်ဆံအားလုံးအားတောင်းပြီး ထိုလူသည် မောင်မောင်အား ရိုက်နှက်ပြီးမည်သည့်အခါမျှသူ့အားမပေးချေခဲ့ပါ။ မောင်မောင် ဘာလုပ်သင့်ပါသလဲ။



3 လုလု သည်မြို့ထဲရှိဖိနပ်စက်ရုံတွင်အလုပ်လုပ်ခဲ့သည်။သူမသည်အလုပ်ရရန်ပိုင်ရှင်ထံသို့စရံငွေပေးချေခဲ့ရသည်။သူမသည်ထိုအလုပ်တွင်သုံးလအလုပ်ခဲ့သည်။စက်ရုံအတွင်းတွင် အိပ်ခဲ့ရသည်။ သို့သော် စက်ရုံပိုင်ရှင်သည်သူမအား လုပ်ခမပေးချေခဲ့ပါ။ အလုပ်ပိုင်ရှင်သည် သူမအားသတိပြုမိပြီး သူမအားထိတွေ့ပြီး သူမသည် ချောမောကြောင်း ပြောဆိုပါသည်။ သူမသည်သူထိတွေ့သည့်ပုံစံကိုမကြိုက်နှစ်သက်ပါ၊သူနှင့်တစ်ယောက်တည်းရှိမနေစေရန်ကြိုးစားနေရသည်။ လုလု ဘာလုပ်သင့်ပါသလဲ။

# IS 25b - သင်လူကုန်ကူးခံရပါကမည်ကဲ့သို့ပြုလုပ်ရမည်

• အကယ်၍ လူကုန်ကူးသူများက သင့်အား တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းပါက၊ သင်္ကေတများ (သို့) အမှတ်အသား များအားသေချာဂရုစိုက်ပြီး မှတ်သွားပါ။ သင်မည်သည့်နေရာရောက်နေသည်ကို သိရှိအောင်ကြိုးစားပါ။ မီးရထားဘူတာ၊ အမြန် လမ်းမများ၊ မြို့အမည်များ၊ ထင်ရှားသောအဆောက်အဦးများကို ရှာဖွေပါ။ အသေးစိတ်ကို မှတ်သားထားပါ။ ဆိုလိုသည်မှာ သင်သည် ဖုန်းခေါ် ဆိုရန်နည်းလမ်းရှာတွေ့ပါက၊ သင်မည်သည့် နေရာရောက်နေသည်ကို ရှင်းပြနိုင်မည်ဖြစ်သည်။

အကယ်၍ သင်သည် သင့်ဆန္ဒနှင့်ဆန့်ကျင်၍ ပြည့်တန်ဆာအိမ် (သို့) စက်ရုံကဲ့သို့သောနေရာတွင် အလုပ်လုပ်ရပါက သင့်ကိုထားရှိသောနေရာ၏ အမည်ကိုသိရှိရန် ကြိုးစားပါ။ အကယ်၍ ယုံကြည်စိတ်ချသည်ဆိုပါက သင့်အနား ရှိနေသူများအား သင်မည်သည့်နေရာရောက်ရှိနေသည် သိပါသလားဟုမေးပါ။

• လူကုန်ကူးသူ၏ မျက်နှာအားမှတ်ထားပါ။

• အကယ်၍သင်သည် လူကုန်ကူးခံရသည်ဟုထင်ပါက၊ လှုပ်ရှားမှုမပြုလုပ်မီ အစီအစဉ်အရင်ဆွဲပါ။ လူကုန်ကူးသူများအား သင်လူကုန်ကူးခံရသည်ဟု ထင်ကြောင်းကို မသိပါစေနှင့် လွတ်မြောက်ရန်နည်းလမ်းအတွက် ရှာဖွေစဉ် ဟန်ဆောင်နေပြပါ။

• အကယ်၍သင်သည် လိင်ဆက်ဆံရန် လူကုန်ကူးခြင်းခံရပါက၊ ယောကျာ်းများအား ကွန်ဒုံးအသုံးပြုရန် ဖျောင်းဖြပါ။

• သင့်၏ကျွမ်းကျင်သော လမ်းပြစာအုပ်ငယ်မှ အရေးပေါ်ဖုန်းနံပါတ်များအား ခေါ် ဆိုပါ။

• အကယ်၍သင်သည် လူကုန်ကူးခံရပြီး လစာလည်းမရသည့်အပြင် အလုပ်ရှင်က သင့်အား နောက်ထပ်တစ်နှစ်(သို့) နှစ်နှစ်အလုပ်လုပ်ပြီးမှ လစာမြောက်များစွာရရှိမည်ဟု ပြောဆိုခဲ့ပါက၊ အလုပ်ရှင်အား မယုံကြည်ပါနှင့်။ လူကုန်ကူးသူများသည် ရွှေ့ပြောင်းသူများအား ဤသို့သောနည်းဖြင့် မကြာခဏ လှည့်စားတတ်ကြသည့်အတွက် ရွှေ့ပြောင်းသူများသည် လုပ်အားခလည်းရရှိတော့မည်မဟုတ်ပါ။

# IS 25c - အရေးပေါ်ဖုန်းနံပါတ်များ

**ကမ္ဘောဒီးယား**

ဖနွမ်းပင် (Phnom Penh): **၀၁၇ ၂၇၆ ၂၂၂**

ဘတ်တန်မ်ဘန်း (Battambang): **၀၁၇ ၂၅၆ ၂၂၂**

ဘန်တေးမီးန်းချေ(Banteay Meanchey): **၀၁၇ ၂၆၀ ၂၂၂**

စီန်းမ်ရိပ်(Siem Reap): **၀၁၇ ၂၅၈ ၂၂၂**

ကမ်ပွန်သွမ်း (Kampong Thom): **၀၁၇ ၂၅၄ ၂၂၂**

ကမ်ပွန်ချန်နမ်(Kampong Chhnang): **၀၁၇ ၃၂၆ ၂၂၂**

**ဗီယက်နမ်**

အောက်ပါဖုန်းနံပါတ်များအား ရွှေ့ပြောင်းသူများ အရေးပေါ်အကူအညီတောင်းခံရန်အတွက် အသုံးပြုနိုင်သည်။ **၁ ၈၀၀ ၁၅၆၇**

လူကုန်ကူးမှုတိုက်ဖျက်ရေး အရေးပေါ်လိုင်း - **(၈၄၄) ၃၉၃၆ ၆၆၃၃**

ရွှေ့ပြောင်းသူများအရင်းအမြစ်စင်တာ(MRC) - **၀၆၉၄ ၄၀၃၇**

ပြစ်မှုကျူးလွန်သူများစစ်ဆေးခြင်းဌာန MPS

**မြန်မာ**

လူကုန်ကူးမှုတိုက်ဖျက်ရေး အရေးပေါ်နံပါတ်များမှာ-

**၉၅-၉ -၄၉၅၅၅၆၆၆ ၉၅-၉-၄၉၅၅၅၇၇၇**

**၉၅-၉-၄၉၅၅၅၈၈၈ ၉၅-၉-၄၉၅၅၅၉၉၉**

UN- ACT, UNICEF, IOM, Save the Children, World Vision နှင့် AFXB တွင် လူကုန်ကူးမှုတိုက်ဖျက်ရေးအစီအစဉ်များရှိသည်

**တရုတ်**

青少年维权ဆယ်ကျော်သက်များအတွက်အရေးပေါ်လိုင်း - **၁၂၃၅၅**

妇女维权မိန်းမများအတွက်အရေးပေါ်လိုင်း - **၁၂၃၃၈**

劳动维权အလုပ်သမားအခွင့်အရေးအရေးပေါ်လိုင်း - **၁၂၃၃၃**

市长热线မြို့တော်ဝန်၏အရေးပေါ်လိုင်း - **၁၂၃၄၅**

报警热线ရဲအရေးပေါ်လိုင်း - **၁၁၀**

ပြည်သူ့အရေးဝန်ကြီးဌာန(MCA)သည် ရွှေ့ပြောင်းသူများ အကူအညီလိုအပ်နိုင်သည့်နေရာများ တရုတ်နိုင်ငံ တစ်ဝန်းတွင်ခိုလှုံနိုင်သော နေရာများပြုလုပ် ပေးထားသည်။

**လာအို**

**၀၂၀ ၅၄၈ ၃၈၉ ၆၉**

**ထိုင်း**

ရွှေ့ပြောင်းသူများသည် ၁၃၀၀ကို အကူအညီရယူရန် ခေါ်ဆိုနိုင်သည်။ အချို့သောပြည်နယ်များ၏ အရေးပေါ်နံပါတ်များတွင် အိမ်နီးနားချင်းနိုင်ငံများမှ ဘာသာပြန်ပေးသော စကားပြန်များရှိသည်။

**၁၁၉၁** သည် လူကုန်ကူးမှုတိုက်ဖျက်ရေးရဲအား ခေါ်ဆိုရန်အတွက်ဖြစ်သည်။

**၁၄၁၇** သည် ဆယ်ကျော်သက်များအတွက် အကြံဉာဏ်တောင်းရန် ခေါ်ဆိုနိုင်သည်။

# အခန်း (၂၆) ပြန်လည်စဉ်းစားခြင်း၊လုံခြုံသော ရွှေ့ပြောင်းသွားလာခြင်းအတွက်လမ်းကြောင်း

## ရည်ရွယ်ချက်

ပါဝင်သူများသည် လုံခြုံသော ရွှေ့ပြောင်းခြင်းနည်းဗျူဟာအကြောင်း ဖော်ပြထားသည့် ရုပ်ပုံများမှတဆင့် မည်သည့်အရာများ သင်ယူမိသည်ကို သရုပ်ဖော်ပြရမည်ဖြစ်သည်။

## အချိန်

၇၅မိနစ်

## အထောက်အပံ့များ

- ပါဝင်သူတစ်ယောက်စီအတွက် စာရွက်ရှည်တစ်ခုစီ (ပုံမှန်စာရွက်သုံးခုအား ကပ်ခြင်းဖြင့် ၎င်းတို့ကို ရှည်လျားအောင်ပြုလုပ်ပါ။)
- ရောင်စုံသောလ်ပင်များ
- ကျွမ်းကျင်သောလမ်းပြစာအုပ်ငယ်များ

## မိတ်ဆက်ခြင်း

### ကြိုဆိုခြင်း

ပါဝင်သူများအား အမည်နှင့်တကွကြိုဆိုပါ။ လက်မှတ်ထိုးရန်စာရွက်အား လက်ဆင့်ကမ်းပါ။

### သွေးပူလေ့ကျင့်ခန်း

လူငယ်ဦးဆောင်သူအား သွေးပူလေ့ကျင့်ခန်းစာရင်းမှ တစ်ခုကိုဦးဆောင်ခိုင်းပါ။

### ပြန်လည်သုံးသပ်ခြင်း

သင့်နိုင်ငံ၏ အရေးပေါ်ဖုန်းနံပါတ်များမှာ မည်သည့်နံပါတ်များ ဖြစ်သနည်း။ (အကယ်၍ ပါဝင်သူများမှာ ဇဝေဇဝါဖြစ်နေပါက၊ ပြီးခဲ့သောအခန်းမှ အဖွဲ့တစ်ခုလုံး သံပြိုင်ရွတ်ဆိုခဲ့သော နံပါတ်များအားလုံးပါဝင်သည့် လုပ်ငန်းစဉ်ကိုထပ်မံပြုလုပ်ပါ။)

အကယ်၍သင်သည် ရွှေ့ပြောင်းရန် ရွေးချယ်ထားသည်ဆိုပါက သင်သွားရောက်မည့်နိုင်ငံ၏ အရေးပေါ်နံပါတ်များအား အလွတ်မှတ်မိအောင် ပြုလုပ်ပါ။

### ပြန်လည်စဉ်းစားခြင်း

ကျွမ်းကျင်သော လမ်းပြသင်ရိုးညွှန်းတမ်းသည် အချက်အလက်များစွာဖြင့် ဖုံးလွှမ်းထားကြောင်း ရှင်းပြပါ။ အောက်ပါတို့မှာ ကျွန်ုပ်တို့ သင်ယူခဲ့သည့် အကြောင်းအရာ၏ အနှစ်ချုပ်ဖြစ်သည်၊ စာရင်းအားအဖွဲ့သို့ အသံထွက်၍ဖတ်ပြပါ။ အကြောင်းအရာတစ်ခုစီပြီးနောက် ရပ်နားပြီး ၎င်းတို့အား ဤအခန်းမှအကြောင်းနှင့် မည်သည့်လှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်ကို ၎င်းတို့ မှတ်မိသလားမေးပါ။

- လူကုန်ကူးခြင်းအဓိပ္ပါယ်၊
- ကလေးသူငယ်လူကုန်ကူးခြင်းအဓိပ္ပါယ်၊
- လူကုန်ကူးခြင်းနှင့်လူမှောင်ခိုကူးခြင်းအကြားကွာခြားချက်၊

- CSEC အပါအဝင် လိင်ဆက်ဆံရန်အလို့ငှာ လူကုန်ကူးခြင်း။
- အလုပ်သမားများကို ခေါင်းပုံဖြတ်ရန်အတွက် လူကုန်ကူးခြင်း။
- ကလေးသူငယ်ကို အလုပ်သမားအဖြစ် လူကုန်ကူးခြင်း။
- လူကုန်ကူးခြင်းသည် နေရာတိုင်းတွင်ဖြစ်နိုင်သည်။
- လူကုန်ကူးသူများ အသုံးပြုလေ့ရှိသည့် လှည့်စားမှုများ။
- လူကုန်ကူးခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုအကြား ဆက်သွယ်မှု။
- လူကုန်ကူးခြင်းနှင့် လိင်အမျိုးအစားအကြား ဆက်သွယ်မှု။
- မိမိကိုယ်ကိုယုံကြည်သည့် ဆက်သွယ်ခြင်းနှင့် ကောင်းမွန်သောနားထောင်ခြင်းအား သင့်ကိုယ်သင်ကာကွယ်ရန် မည်ကဲ့သို့ အသုံးပြုရမည်။
- လုံခြုံသောရွှေ့ပြောင်းမှုအတွက် မည်ကဲ့သို့ပြင်ဆင်ရမည် (ဆုံးဖြတ်မှုပုံစံနှင့် စစ်ဆေးရန်စာရင်း)။
- ခရီးစဉ်တွင်လုံခြုံနေအောင်ပြုလုပ်ခြင်း။
- ရွှေ့ပြောင်းမှုဦးတည်သည့်နေရာသို့ ရောက်ရှိပြီးနောက် မည်ကဲ့သို့လုံခြုံအောင် ပြုလုပ်ရမည်။
- အကယ်၍ သင်လူကုန်ကူးခံရပါက မည်ကဲ့သို့ပြုလုပ်ရမည်။

## လုံခြုံသောရွှေ့ပြောင်းသွားလာခြင်းအတွက်လမ်းကြောင်းရေးဆွဲခြင်း

ပါဝင်သူများအား ၎င်းတို့ကျွမ်းကျင်သော လမ်းပြစာအုပ်ငယ်များအား ကိုးကားရန်အတွက် ထုတ်နိုင်းပါ။

ယနေ့တွင် ၎င်းတို့သည် သင်ယူခဲ့ရသည့်အရာမှ အချို့ကိုရှင်းလင်းပြသရမည် ဖြစ်ကြောင်းရှင်းပြပါ။ ဤပုံဆွဲခြင်းတွင် ၎င်းတို့ မည်သည်ကို ဆွဲထားကြောင်းရှင်းပြသောရုပ်ပုံများနှင့် စာသားများပါဝင်နိုင်သည်။

ပုံဆွဲခြင်းတွင် အပိုင်း ၃ ပိုင်း ပါဝင်မည်ဖြစ်သည်

1. ရွှေ့ပြောင်းရန်ပြင်ဆင်ခြင်း။
2. ခရီးစဉ်တွင်။
3. ရောက်ရှိသောအခါ။

ပါဝင်သူများအား စာရင်းပေါ်မှ ၎င်းတို့ဖတ်ခဲ့သည်ကို ပြန်စဉ်းစားနိုင်းပါ။ ပါဝင်သူများအား မည်သည့်အကြောင်းအရာများအား ၎င်းတို့၏ 'ရွှေ့ပြောင်းရန်ပြင်ဆင်ခြင်း' ရုပ်ပုံတွင် ပါဝင်နိုင်သည်ကြောင်းမေးပါ။

ဖြေဆိုမှုများတွင်ပါဝင်နိုင်သည်မှာ-

- လူကုန်ကူးခြင်းအားသိရှိခြင်း။
- အသုံးများသော လူကုန်ကူးသူများ၏ လှည့်စားမှုများ။
- ဆုံးဖြတ်သည့်ပုံစံ။
- စစ်ဆေးရန်စာရင်း
- လူကုန်ကူးခြင်းသည် နေရာတိုင်းတွင်ဖြစ်နိုင်သည်။
- သူငယ်ချင်းအစစ်အမှန်များနှင့် လူကုန်ကူးသူများအကြားကွာခြားမှု။

ပါဝင်သူများအား မည်သည့်အကြောင်းအရာများအား ၎င်းတို့၏ 'ခရီးစဉ်တွင်' ရုပ်ပုံတွင်ပါဝင်နိုင်သည်ကြောင်းမေးပါ။

ဖြေဆိုမှုများတွင် ပါဝင်နိုင်သည်မှာ-

- အသုံးများသော လူကုန်ကူးသူများ၏လှည့်စားမှုများ။
- သူငယ်ချင်းအစစ်အမှန်များနှင့် လူကုန်ကူးသူများအကြားကွာခြားမှု။

- ခရီးစဉ်တွင် လုံခြုံနေအောင်ပြုလုပ်ခြင်း။
- မိမိကိုယ်ကိုယုံကြည်သည့် ဆက်သွယ်ခြင်းနှင့် ကောင်းမွန်သောနားထောင်ခြင်း။

ပါဝင်သူများအား မည်သည့်အကြောင်းအရာများအား ၎င်းတို့၏ 'ရောက်ရှိသောအခါ' ရုပ်ပုံတွင် ပါဝင်နိုင်သည်ကြောင်းမေးပါ။

ဖြေဆိုမှုများတွင်ပါဝင်နိုင်သည်မှာ-
- ရောက်ရှိပြီးနောက် မည်ကဲ့သို့လုံခြုံအောင်ပြုလုပ်ရမည်၊
- မိမိကိုယ်ကိုယုံကြည်သည့် ဆက်သွယ်ခြင်းနှင့် ကောင်းမွန်သောနားထောင်ခြင်း။
- အကယ်၍ သင်လူကုန်ကူးခံရပါက မည်ကဲ့သို့ပြုလုပ်ရမည်။
- အရေးပေါ် ဖုန်းနံပါတ်များ။
- လူကုန်ကူးခြင်းနှင့်မူယာစ်ဆေးဝါးများ၊
- သူငယ်ချင်းအစစ်အမှန်များနှင့် လူကုန်ကူးသူများအကြားကွာခြားမှု၊

ဘောလ်ပင်များနှင့် စာရွက်တို့ကို လက်ဆင့်ကမ်းပေးပြီး ပါဝင်သူများသည် ပုံဆွဲရန် မိနစ် ၃၀ ရရှိကြောင်းနှင့်၊ ၎င်းတို့ရုပ်ပုံများကို မျှဝေရမည်ဖြစ်ကြောင်း ရှင်းပြပါ။

ပါဝင်သူများအား အကယ်၍ ၎င်းတို့သည် ပုံဆွဲရာတွင်မတော်နေပါက ကိစ္စမရှိကြောင်း သတိပေးပါ။ အရေးကြီးသည်မှာ ၎င်းတို့ စိတ်ကူးများနှင့် ဇာတ်လမ်းအားပြောပြရန် ဖော်ပြနိုင်ရန်သာဖြစ်သည်။

ပါဝင်သူများအား ပုံဆွဲရန်ပြောပါ၊ ပါတ်ပါတ်လည်လမ်းလျှောက်ပါ၊ ၎င်းတို့ကို စိတ်ဓါတ်မြှင့်တင်ပေးပါ။ ၎င်းတို့ဆွဲသည့်ပုံတွင် အကြောင်းအရာများ ပါဝင်စေရန်သတိပေးပါ။ ၎င်းတို့အား ၎င်းတို့၏ကျွမ်းကျင်သော လမ်းပြလက်စွဲကို ပုံဆွဲနေစဉ် အကြံဉာဏ် ရရှိရန် ကြည့်ရှုနိုင်ကြောင်းရှင်းပြပါ။

မိနစ် ၃၀ ပြီးနောက် ၎င်းတို့၏ရုပ်ပုံများအား မျှဝေရန်ပြောပါ။ ပြီးနောက်၊ အကယ်၍ အချိန်ရှိသေးပါက ၎င်းတို့အားမေးရန်မှာ-
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် သင့်အမြင်များကို ပြောင်းလဲသွားစေသည်ဟု ထင်ပါသလား။ ဟုတ်သည်ဆိုပါက၊ မည်ကဲ့သို့နည်း။
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် သင့်လုပ်ရှားမှု (သို့) အနာဂါတ်အတွက် လုပ်ဆောင်မှုကို ပြောင်းလဲသွားစေသည်ဟု ထင်ပါသလား။ ဟုတ်သည်ဆိုပါက၊ မည်ကဲ့သို့နည်း။
- ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့တွင် သင်- သင်ကြားခဲ့ရသော အရေးအကြီးဆုံးအရာမှာ မည်သည့်အကြောင်းဖြစ်ပါသလဲ၊

ဤအခန်းသည် တွေးတောရန်အကြောင်းဖြစ်သောကြောင့် မည်သည့်အနှစ်ချုပ်မှု မရှိကြောင်းရှင်းပြပါ။ မည်သည့်နေ့စဉ် မှတ်တမ်းနှင့် အလှည့်ကျသရုပ်ဆောင်ခြင်းမှု အချိန်အကန့်အသတ်ကြောင့်မရှိပါ။

## နိဂုံးချုပ်ခြင်း

ပါဝင်သူများသည် မေးခွန်းများမေးခြင်းနှင့်/ (သို့) တုန့်ပြန်မှုများပေးခြင်းကို ရေးသားရန်တောင်းဆိုမည်ဖြစ်ပြီး ၎င်းတို့ကို ဦးဆောင်သူများအား အမည်လျှို့ဝှက်ပြီးပေးရန် ပြောကြားပါ၊

၎င်းတို့၏ စိတ်ပါဝင်စားမှုနှင့်အချိန်အတွက် ပါဝင်သူအားလုံးကိုကျေးဇူးတင်ပါသည်၊ နောက်တစ်ပါတ်တွင် ကျွန်ုပ်တို့သည် သင်ယူခဲ့ရသော အသိပညာအားမျှဝေရန် လှုပ်ရှားမှုများကိုဆွေးနွေးရမည် ဖြစ်ကြောင်းရှင်းပြပါ။

# မှတ်စု

ဤစာမျက်နှာအား သင့်ပါတ်ဝန်းကျင်သို့ ပြန်ရောက်သည့်အခါ သင်မှတ်မိလိုသောအရာများကို ရေးသားရန်အသုံးပြုပါ။